# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၈)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံအခြေစိုက် Rafto Foundation for Human Rights ၏ အမှုဆောင်အရာရှိ Mr. Jostein Hole Kobbeltvedt နှင့် Norwegian Burma Committee (NBC Myanmar)၏ ညွှန်ကြားရေးမှူး Mr. Audun Aagre တို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ယာယီဌာနေ ကိုယ်စားလှယ် Mr. Knut Ostby အား နံနက် ၁၁ နာရီတွင် လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ယာယီဌာနေကိုယ်စားလှယ် Mr. Knut Ostby အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအထူးအစည်းအဝေး၌ အိုအိုင်စီမှ တင်သွင်းသော မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းအားမဲခွဲ၊ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ပါဝင်ပတ်သက်မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့

**နေပြည်တော် ဒီဇင်ဘာ ၆**

ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံရှိ လူ့အခွင့်အရေးကောင်စီ၌ အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)မှ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ (၂၇)ကြိမ်မြောက် အထူးအစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၅ ရက်က ခေါ်ယူခဲ့သည်။

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရခိုင်ပြည်နယ်ရှိ လူနည်းစုများနှင့် မူဆလင်အသိုက်အဝန်း၏ လူ့အခွင့် အရေးအခြေအနေနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အဆိုမူကြမ်းကို အရေးယူဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သည်။

ဆုံးဖြတ်ချက်အဆိုအား အရေးယူဆုံးဖြတ်ခြင်းမပြုမီ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးထင်လင်းက မိန့်ခွန်းပြောကြားခဲ့ရာတွင် အောက်ပါအချက်များကို ထည့်သွင်းပြောကြားခဲ့သည်-

- မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံတည်းကိုသာ ချမှတ်သည့် မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမဆို ဆန့်ကျင်ပါကြောင်း၊ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ပိုမိုကွဲပြားမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကိုသာ ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏

*စာမျက်နှာ ၈ ကော်လံ ၁* ❋

# မုန်တိုင်းငယ်၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ ညနေ ၆ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် အနောက်မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ မာချီလီ ပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၆၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋


Established in 1958

ကံ့ကော်ရှိ®

အဆင့်မြင့်ချည်ချောလုံးချည်

*The Ultimate Quality and Fastness.*

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်

ပင်ရင်း- ကံ့ကော်ရှိ အထည်စက်၊ သဲတောမြို့၊ ဖုန်း- ၀၆၄-၂၀၅၀၁၃၁၊ ၀၆၄-၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး- အမှတ်(၂၀၇) မဟာဗောဂ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၁ ၂၂၈

မြန်မာ့အလင်း

# ထွက်ပေါက်မရှိသော ဝင်္ကပါအတွင်းသို့ ဝင်ရောက်သွားကြသူများ

ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲ ဇိတ်ရာဘက်အယ်လ်ဟူစိန်က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအထူးအစည်းအဝေး၌ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့နှင့်ပတ်သက်၍ ပြောကြားရာတွင် ဘင်္ဂါလီမျိုးနွယ်တို့၏ ကိုယ်ပိုင်လက္ခဏာနှင့် အခွင့်အရေးတို့ကို မြန်မာအစိုးရနှင့် ကမ္ဘာက အသိအမှတ်မပြုမချင်း ဘင်္ဂါလီမျိုးနွယ်တို့မှာ ဘေးဒုက္ခတို့ခံစားနေရမည်ဟု ဆိုထားပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲ၌ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့၏ ကိုယ်ပိုင်လက္ခဏာတို့နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်ပိုင်ခွင့်မရှိသည်မှာ အသေအချာ အထင်အရှားပင်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရခိုင်ပြည်နယ်ရှိ ဥပဒေနှင့် ညီညွတ်သော ဘင်္ဂါလီမျိုးနွယ်တို့ကို နိုင်ငံသားအခွင့်အရေး ပေးမည်ဟု မူဝါဒချမှတ်ထားခြင်းသည် ဘင်္ဂါလီမျိုးနွယ်တို့၏ ကိုယ်ပိုင်လက္ခဏာအား မှန်ကန်မျှတစွာ အသိအမှတ်ပြုထားခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့အား နိုင်ငံသားအခွင့်အရေးပေးရုံမျှဖြင့် မလုံလောက်၊ အမည်ဆန်းဖြင့် တိုင်းရင်းသား အခွင့်အရေးပေးရမည်ဟူသော တောင်းဆိုချက်မျိုး ပြုလုပ်ပိုင်ခွင့်သည် ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲ၌ မရှိသည်မှာလည်း အသေအချာအထင်အရှားပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်တို့ အိုးအိမ်တို့ကို စွန့်ခွာထွက်ပြေးရခြင်း၏ ပင်မအကြောင်းတရားသည် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လှုပ်ရှားမှုကြောင့် ဖြစ်ပါသည်။ သို့သော် ကုလသမဂ္ဂလူ့အခွင့် အရေးအကြီးအကဲက ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှုတို့အပေါ် လေးလေးနက်နက် ထည့်သွင်းသုံးသပ်ရန် ပျက်ကွက်ခဲ့ခြင်းသည် စိတ်ပျက်စရာကောင်းသော လုပ်ရပ်ဖြစ်ပါသည်။ အစွန်းရောက် အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်တိုက်ခိုက်မှုကို လက်ပိုက်ကြည့် လည်စင်းခံပေးသော တပ်မတော်ဟူ၍ ကမ္ဘာပေါ်၌ ရှိနိုင်မည်မဟုတ်ပါ။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီမျိုးနွယ်ထုအတွင်း၌ ပုန်းလျှိုးကွယ်ပျောက်နေသော ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ဝင်တို့ကို ရှင်းလင်းရသော တပ်မတော်၏တာဝန်သည် ကြိုးတန်းပေါ် လမ်းလျှောက်ရသကဲ့သို့ ခက်ခဲသည်ကို ကုလသမဂ္ဂလူ့အခွင့် အရေးအကြီးအကဲက မသိကျိုးကျွန် ပြုထားပါသည်။ ဘင်္ဂါလီမျိုးနွယ်တို့ နေအိမ်တို့ကို စွန့်ခွာထွက်ပြေးရ ခြင်းသည် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ နိုင်ငံရေးသွေးထိုး လှုံ့ဆော်မှု လုံးဝမပါဝင်ဟု ပြောဆိုနိုင်သော အနေအထားမျိုး ကုလသမဂ္ဂ လူ့အခွင့်အရေးအကြီးအကဲ၌ မရှိသည်မှာလည်း အသေအချာအထင် အရှားပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့သော ဘင်္ဂါလီမျိုးနွယ်တို့နှင့်ပတ်သက်၍ နယ်စပ်မျဉ်း၏ တစ်ဖက်တစ်ချက်ရှိ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အသေအချာညှိနှိုင်းဆောင်ရွက်နေပါလျက် ကုလသမဂ္ဂလူ့အခွင့်အရေး အကြီးအကဲက မြန်မာနိုင်ငံအပေါ် ပြစ်တင်ရှုတ်ချရန် ကြိုးပမ်းခဲ့ခြင်းသည် မျက်မှန်စိမ်းတပ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲက ပကတိဖြစ်ပေါ် တိုးတက်မှုတို့ကို မသိ၊ မရှိသကဲ့သို့ ပြုမူလိုက်ခြင်းသာဖြစ်ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲအနေဖြင့် ရခိုင်ပြည်နယ်၏ လူ့အခွင့်အရေးအခြေအနေကို အမှန်တကယ် အပြုသဘောတိုးတက်ဖြစ်ထွန်းမှုများ ဖြစ်ပေါ်စေလိုပါက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်တို့အား ထိထိရောက်ရောက် ပံ့ပိုးကူညီရမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲက မြန်မာနိုင်ငံအပေါ် ပြစ်တင်ရှုတ်ချခဲ့ခြင်းသည် ထွက်ပေါက်မရှိသော ဝင်္ကပါအတွင်းသို့ ဝင်ရောက်သွားခြင်းသာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၇-၁၂-၂၀၁၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၉)
- ၉း၂၅ - လုပစုံလင် အာဆီယံတစ်ခွင်
- ၁၀း၃၀ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၀)
- ၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် **သူတို့ခေတ်နှင့်သူတို့အရွယ်** (ပထမပိုင်း)

**ညပိုင်း**

- ၁၆း၄၅ - **ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ကလေးများအားလုံး ထိုးနှံပေး**
- ၁၉း၅၀ - မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပေါ်ပေါက်လာပုံ
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန်မှန်မှန် ပေးဆောင်ပေး** (အောင်ဘာလေသိန်းဆုခွန်အကြောင်း သိကောင်းစရာ)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် **တို့အချစ်ကတစ်မျိုး** (အပိုင်း-၂) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီများရှင် ဇော်မင်း (ဟံသာမြေ)

# ရှေးဟောင်းပစ္စည်းပြကွက်များကြောင့် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်သို့ လေ့လာသူများပြား

**မြောက်ဦး ဒီဇင်ဘာ ၆**

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် ရှေးရခိုင်လူမျိုးတို့၏ ရှေးဟောင်းဗိသုကာ လက်ရာများ၊ အနုပညာလက်ရာများနှင့် အသုံးအဆောင်ပစ္စည်း လက်ရာများကို ခင်းကျင်းပြသထားရာ ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းသုတေသနပြတိုက်အတွင်း တူးဖော်တွေ့ရှိထားသည့် မြေထည်ပစ္စည်းများ၊ အုတ်ချပ်များ၊ မြေထည်အိုးခွက်များ၊ မြေဖုတ်ရုပ်ကြွများ၊ ပုံဖော် အုတ်ချပ်များ၊ အမိုးအုတ်ကြွပ်ပြားအကျိုးများ၊ ကျောက်ဖြင့် ပြုလုပ်ထားသော ထီးတော်များ၊ ကျောက်စာများ၊ ကြေးဆင်းတုတော်များ၊ ကြွေထည်နှင့် ပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ စဉ့်ထည်ပစ္စည်းများ၊ ရှေးရခိုင်လူမျိုးတို့ အသုံးပြုခဲ့သော တူရိယာပစ္စည်းများ၊ ငွေဒင်္ဂါးပြားများနှင့် ရှေးခေတ်အသုံးအဆောင်ပစ္စည်းများအား ပြတိုက်အတွင်း ခင်းကျင်းပြသထားသည်။

ထို့အပြင် မရှင်းလင်းသည်များနှင့် သိရှိလိုသည်များကို ပြတိုက်ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပေးလျက်ရှိရာ စိတ်ဝင်စားမှုပိုမိုရရှိစေသည့်အပြင် သိရှိသွားသော ဗဟုသုတများကို ပြန်လည်ဝေမျှပေးနိုင်သောကြောင့် ခရီးသွားများ ပိုမိုလာရောက်လေ့လာကြခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဆယ်မာအူးလ် စီမံကိန်းအဖွဲ့က မလကျွန်းကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်း

**ကျောက်ဖြူ ဒီဇင်ဘာ ၆**



ဆယ်မာအူးလ် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ကျောက်ဖြူမြို့နယ် လိပ်ခမော်အုပ်စု မလကျွန်းကျေးရွာအတွင်း ကျေးရွာသူ ကျေးရွာသားများ စုပေါင်းမှုဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို နိုဝင်ဘာလနောက်ဆုံးပတ်မှ ဒီဇင်ဘာ ၅ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းအား ၂၀၁၆ ခုနှစ် ပထမနှစ်တွင် မလကျွန်းကျေးရွာအဖွဲ့က ပထမ (A) အဆင့်ရရှိခဲ့သောကြောင့် ယခု ၂၀၁၇ ခုနှစ် ဒုတိယနှစ်စီမံကိန်းတွင် ဆယ်မာအူးလ်မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဆုငွေဒေါ်လာ ၂၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀၀၀၀ အား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအား ကဏ္ဍများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုလက်ရှိ ကွန်ကရစ်လမ်းကို အရှည် ၁၂၃၆ ပေ၊ အမြင့် ရှစ်လက်မ ခင်းခြင်းဆောင်ရွက်ရှိရာ လမ်းခင်းခြင်းတွင် မိမိတို့ဆယ်မာအူးလ်အဖွဲ့ကကုန်ကျစရိတ်များကို ကျခံပြီး ကျေးရွာသူ ကျေးရွာသားများက လုပ်အားပေး ဆောင်ရွက်ခြင်းကို အဖွဲ့ ၁၄ ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## အရည်အသွေး အာမခံမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

အရည်အသွေးစစ်ဆေးရေးနည်းစနစ်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပလျက်ရှိရာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ | ·၂ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ | ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဧွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## လက်ခံတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ နော်ဝေနိုင်ငံ အခြေစိုက် **Rafto Foundation for Human Rights** ၏ အမှုဆောင်အရာရှိ **Mr. Jostein Hole Kobbeltvedt** နှင့် **Norwegian Burma Committee (NBC Myanmar)**၏ ညွှန်ကြားရေးမှူး **Mr. Audun Aagre** တို့အား လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရှေ့ဖုံး) သတင်းစဉ်





# မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ဆက်သွယ်ဖလှယ်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် China Radio International ဒုတိယဥက္ကဋ္ဌ Mr. Hu Bangsheng တို့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China Radio International အဆောက်အအုံ၌ တွေ့ဆုံ၍ မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ ဆက်သွယ်ဖလှယ်ဆောင်ရွက်ရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့သည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၉၀ ကို အခြေခံဈေး ယူရို ၄ ဒသမ ၀၉၈ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲကို အခြေခံဈေးယူရို ၁၆၃ ဒသမ ၅၀၀ သန်းဖြင့် လည်းကောင်း တင်ပြရောင်းချသွားမည်ဖြစ်ပြီး ရတနာပြပွဲသို့ တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ မှတ်ပုံတင်ခြင်းကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံ၌ နိုဝင်ဘာ ၂၉ ရက်ကစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

### ❄ ရှေ့ဖုံးမှ

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**တစ်နာရီလျှင် မိုင် ၃၀ နှုန်း လေတိုက်နိုင်**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၈ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်း ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေအနီးသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

**မိုးထစ်ချုန်းရွာနိုင်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**ကြိုတင်သတိပြုနေထိုင်**

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မြန်မာ့အလင်း**

# ကျွန်းစုမြို့နယ်နှင့် မြိတ်တက္ကသိုလ်တို့တွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုဟောပြော

**မြိတ် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာနှင့် မြိတ်မြို့ မြိတ်တက္ကသိုလ်တို့တွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) အစီအစဉ် တေးဂီတဖျော်ဖြေပွဲနှင့် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပခဲ့သည်။

ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ ရွာလယ်ကွင်းပြင်၌ ဒီဇင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ကျင်းပသည့် အခမ်းအနားတွင် တေးသံရှင် ဘယ်ဝါ၊ နောင်ရိုး၊ ကာကာနှင့် ဘိုဘိုထွဋ်တို့က စစ်ပွဲတွေ 'အခုချက်ချင်းရပ်၊ ငြိမ်းချမ်းသောငါတို့မြေ' စသည့် ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုတင်ဆက်ကာ ကာတွန်းဆရာ မောင်မောင်ဖောင်တိန်က ဒေသခံကလေးငယ်များဖြင့် ရုပ်ပုံရေးဆွဲခြင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ မေးခွန်းများ ဖြေကြားခြင်းတို့ကို ပြုလုပ်သည်။

ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဦးဆောင်သူများနှင့် တက်ရောက်လာကြသူများက ဖယောင်းတိုင်ငယ်များ ထွန်းညှိကာ ထာဝရငြိမ်းချမ်းရေးအတွက် ဆုတောင်းခဲ့ကြသည်။

ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မြိတ်တက္ကသိုလ် စာသင်ဆောင်(၁)၌ ကျင်းပသည့် အခမ်းအနားတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့မှ ကဗျာဆရာမောင်ယုပိုင်က ငြိမ်းချမ်းရေးအထိမ်းအမှတ်ကဗျာကို ရွတ်ဆိုဖွင့်လှစ်သည်။

ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောဆွေးနွေးကြပြီး မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အမှတ်တရလက်ဆောင်များ ပေးအပ်ကာ မြိတ်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(မြိတ်ခရိုင် ပြန်/ဆက်)**





# ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုန်းနှင့် လွိုင်လင်ဒေသများတွင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းနှင့် စီးပွားဖြစ် သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတို့ကို ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆




**၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ ၊ UNODCကိုယ်စားလှယ်များ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၇ ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းရလဒ်များအား တင်ပြခဲ့သည့် အစီရင်ခံစာဖြစ်ပါကြောင်း၊ မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ၂၀၀၁ ခုနှစ်ကတည်းက တရားမဝင် မူးယစ်ဆေးဝါးသီးနှံများ စစ်တမ်းကောက်ယူခြင်းအစီအစဉ် (ICMP) အရ ဆောင်ရွက်ခဲ့ပါကြောင်း၊ ICMP သည် ၂၀၀၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်၏ (၅၃)ကြိမ်မြောက် အထူးအစည်းအဝေးက ချမှတ်ခဲ့သော လုပ်ငန်းစီမံချက်များပါ အတိုင်း တရားမဝင် မူးယစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းကို သက်ဆိုင်ရာ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။



မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀အထိ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက် ကျဆင်းခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် သိသိသာသာ ကျဆင်းလာတာကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံး စိုက်ပျိုးကြပြီး ကချင်၊ ချင်းနှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးနေသည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် နောက်တိုး ငါးနှစ်စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိ ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

> **"မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀အထိ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက်ကျဆင်းခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံး စိုက်ပျိုးကြပြီး ကချင်၊ ချင်းနှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးနေသည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် နောက်တိုး ငါးနှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိ ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း"**

> **"ယခုအခါ UNODC စီမံကိန်းများကို ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုန်းနှင့် လွိုင်လင်ဒေသများတွင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းနှင့် စီးပွားဖြစ် သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတို့ကို ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုသည် UNODC အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ ထုတ်လုပ်မှုလျှော့ချနိုင်ရေး၊ အစားထိုး ဖွံ့ဖြိုးရေး စသည့်ကဏ္ဍအသီးသီးအပေါ် အခြေခံ၍ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း"**

ယခုအခါ UNODC စီမံကိန်းများကို ရှမ်းပြည်နယ် တောင်ပိုင်း၊ ဟိုပုန်းနှင့် လွိုင်လင်ဒေသများတွင် ဘိန်းအစားထိုး သီးနှံဖြစ်သည့် ကော်ဖီစိုက်ပျိုးခြင်းနှင့် စီးပွားဖြစ် သစ်တောစိုက်ပျိုးထိန်းသိမ်းမှု တို့ကို ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုသည် UNODC အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ ထုတ်လုပ်မှုလျှော့ချနိုင်ရေး၊ အစားထိုးဖွံ့ဖြိုးရေး စသည့်ကဏ္ဍအသီးသီးအပေါ် အခြေခံ၍ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒသစ် အတည်ပြုခဲ့ပြီးဖြစ်သည့်အတွက် ၎င်းမူဝါဒအပေါ် အခြေခံသည့် ဘိန်းစိုက်ပျိုးမှု လျော့ကျစေရေးသည်လည်း အဓိက အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲကြရမည် ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဘိန်းစိုက်ပျိုးဒေသများတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးမှု ပါဝင်သည့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပြီး အစားထိုးဖွံ့ဖြိုးမှု လုပ်ငန်းများတွင် တောင်သူများအား အမှန်တကယ် အကျိုးရှိမည့် အစားထိုးသီးနှံ၊ မွေးမြူရေး၊ ဈေးကွက်ရရှိရေး အခြားဝင်ငွေရလုပ်ငန်းများကို ဖော်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒမဟာဗျူဟာချမှတ်သူများအတွက် ယခုအစီရင်ခံစာတွင် ပါရှိသည့် ဘိန်းစိုက်ဧရိယာ အကျယ်အဝန်း၊ ဘိန်းထုတ်လုပ်မှု၊ ပြောင်းလဲလာသည့် စိုက်ပျိုးမှုပုံစံများသည် မရှိမဖြစ်လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က အစီရင်ခံစာပါ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် UNODC ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူများ ဘဝ လုံခြုံရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပါဝင်သော ပူးပေါင်းအဖွဲ့ မြို့ပေါ်၌ ရှောင်တခင်စစ်ဆေးမှုများ ညစဉ်ပြုလုပ်စဉ်။ ၀၇၅

## မိုးနှောင်းချည်မျှင်ရှည်ဝါ စံပြကွက်သရုပ်ပြ


**တပ်ကုန်း ဒီဇင်ဘာ ၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး ရေအေးစံပြကျေးရွာ၌ မိုးနှောင်းချည်မျှင်ရှည်ဝါ သီးနှံစံပြကွက် ရှစ်ဧက ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်က ကွင်းအမှတ် ၂၀၄၈ ၌ ကျင်းပခဲ့သည်။

အဆိုပါ စံပြကွက်သရုပ်ပြပွဲသို့ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိုင်းဦးစီးမှူးများ၊ ဥတ္တရခရိုင်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**





# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး သင်တန်းများ ပို့ချသွားမည့် အခြေအနေဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Geneva Centre for the Democratic Control of Armed Forces(DCAF) ညွှန်ကြားရေးမှူး Ambassador Mr. Thomas Guerber နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည့် အခြေအနေ**

တွေ့ဆုံစဉ် DCAF အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး DDR၊ SSR လုပ်ငန်းစဉ်သင်တန်းများ ပို့ချသွားမည့် အခြေအနေ၊ လုံခြုံရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည့် အခြေအနေ၊ အကြံဉာဏ်နှင့် နည်းပညာအချက်အလက်များ ပံ့ပိုးကူညီသွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူငယ်များအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့များ ဖြစ်ကြသော ရှမ်းပြည်နယ် တောင်ပိုင်း ဟိုမိန်းဒေသနှင့် နမ့်စန်မြို့နယ်တို့မှ ရှမ်း၊ ယင်းကျားနှင့် ယင်းနက် တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ကဒူးနှင့် ကနန်း တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်မှ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဗဒက်ကြီးကျွန်းနှင့် သရက်ချောင်းမြို့နယ်တို့မှ ဆလုံနှင့် ထားဝယ် တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း ၁၀၀ တို့အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

**ပြည်ထောင်စုစိတ်ဓာတ်**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များအား နှစ်စဉ်ခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိက ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်နှင့် တစ်အူထုံ့ဆင်းညီရင်းအစ်ကို မောင်ရင်း နှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှု၊ ချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ပွားများ ခိုင်မာလာစေရန် ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ချမှတ်ပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်အနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံကို နှစ်ကြိမ်တိုင် ကျင်းပခဲ့ပြီး မကြာမီကာလတွင် တတိယအကြိမ် ကျင်းပတော့မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တာဝန်ရှိသူများ နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အမျိုးသားရေးတာဝန်**

ယနေ့ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါး ပြဿနာနှင့် စိန်ခေါ်မှုများ၊ မိမိတို့နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိနားလည်ပြီး ကိုယ်တိုင်ပါဝင်ပတ်သက်မှု မရှိကြရန် လိုအပ်ကာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အတတ်ပညာနှင့် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့်အတွက် လူငယ်လူရွယ်များ အနေဖြင့် အမြဲတမ်းလေ့လာဆည်းပူးနေကြရမှာ ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလူငယ်များ၏ အသိပညာ၊ အတတ်ပညာ ပြည့်စုံမှု၊ ဘက်စုံဖွံ့ဖြိုးမှုတို့အပေါ်တွင် များစွာတည်မှီနေကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်မှ ကနန်းတိုင်းရင်းသူ မခင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ကို ဝန်ကြီးဌာနအားလုံး တစ်ပြေးညီရည်ညွှန်း ကိုးကားအသုံးပြုရေးနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါကြောင်း။

လူ့စွမ်းအားဆိုင်ရာ စီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် တိကျမှန်ကန်ပြီး ယုံကြည်ကိုးစားလောက်သည့် လူ့စွမ်းအားဆိုင်ရာ စာရင်းအင်း အချက်အလက်များရရှိရန် အဓိကကျပါကြောင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ အစည်းအဝေးတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အခြေပြ စာရင်းအင်း ညွှန်းကိန်းများကို နိုင်ငံတကာ အသိအမှတ်ပြု စာရင်းအင်းများ ဖြစ်လာစေရန်အတွက် တိကျမှန်ကန်မှုရှိရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်မည့် စာရင်းအင်း အချက်အလက်များ ပေါ်ထွက်လာစေရေး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။



လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး အသက်မွေးဝမ်းကျောင်း ပညာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများစာအုပ် (၂၀၁၇)တွင် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ စာရင်းအင်း အချက်အလက်များ ပါဝင်ပြီး နိုင်ငံ၏လူဦးရေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင်၊ စိုက်ပျိုးရေး အစရှိသည့် အညွှန်းကိန်းပေါင်း ၆၂ ခုဖြင့် စုံလင်စွာ တင်ပြထားပါကြောင်း၊ နိုင်ငံတွင်းသာမက ဒေသတွင်းပါ အသုံးဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ဖြစ်မြောက်ရေးအတွက် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ ကျွမ်းကျင်မှုများအပေါ် မှီတည်ပြီး အားတက်သရော ဝိုင်းဝန်းဆွေးနွေး အကြံဉာဏ်ပေးကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ အသုံးပြုသူများအတွက် အရေးပါသည့် အညွှန်းကိန်းများ ဖြစ်သောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့သော ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရန် အလွန်အရေးကြီးပါကြောင်း၊ ဌာနအလိုက်ပေးပို့ပြီးဖြစ်သည့် စာရင်းအင်း အချက်အလက်များကို သက်ဆိုင်ရာဦးစီးဌာနအလိုက် တာဝန်ယူမှုရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အရာရှိများနှင့် အစိုးရအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ယခင်နှစ်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်နိုင်မှု၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ(HRDI) လက်စွဲစာအုပ် နှင့်ပတ်သက်ပြီး တွေ့ကြုံရသည့် အခက်အခဲများ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းဆိုင်ရာ ကိစ္စရပ်များ၊ အဖွဲ့ခွဲများ၏ သုံးသပ်အကြံပြုချက်များ တင်ပြခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ပြောင်းလဲဖြစ်ပေါ်မှုများကို အချိန်နှင့် တစ်ပြေးညီ လေ့လာသုံးသပ်ရမည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ၏ အရေးပါမှုကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စီမံခန့်ခွဲကြီးကြပ်သူများ ပိုမိုအလေးထားပြီး နားလည်သဘောပေါက်စေရန် ရည်ရွယ်ပြီး လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်သည့်လုပ်ငန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးတည်ဆက်သွယ်ရာဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ဦးစီးဌာန၊ လုပ်ငန်း ၃၉ ခု အပါအဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အခြား ကျွမ်းကျင်ပညာရှင်များနှင့် စုစည်းညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးငွေများ မဆုံးရှုံးဖို့ ဝိုင်းဝန်းကူညီ တားဆီးစို့

ဆောင်းသဇင်

၂၁ ရာစု အိုင်တီနည်းပညာလှိုင်း၏ ရိုက်ခတ်မှုသည် စာရေးသူတို့ ရှင်သန်နေထိုင်ရာ လူမှုဘဝဝန်းကျင်ထဲသို့ လျင်မြန်စွာ တိုးဝင်လာခဲ့ပါသည်။ မိုဘိုင်းဖုန်းမှတစ်ဆင့် ကမ္ဘာ့ကွန်ရက်ဆီသို့ ချိတ်ဆက်နိုင်လာသည်နှင့်အမျှ စာရေးသူတို့၏ သတင်းစားသုံးမှုသည် ဖြတ်သန်းခဲ့သော ရာစုတစ်လျှောက် ခြေရာခံကြည့်လျှင် အမြင့်မားဆုံးသော ရာစုထဲတွင် စာရေးသူတို့ ရောက်ရှိနေသည်ဟုဆိုလျှင် မည်သူမျှ ငြင်းမည်မထင်။

နည်းပညာရဲ့တိုးတက်မှုတွင် သတင်းအချက်အလက်များ မြန်ဆန်စွာ ရရှိနိုင်မှု၊ မိမိတို့လူမှုဘဝအတွက် လိုအပ်သော နည်းပညာဆိုင်ရာ အကြောင်းအရာများကို လျင်မြန်စွာ ရှာဖွေနိုင်မှု၊ လူတစ်ဦးနှင့် တစ်ဦး အပြန်အလှန် ချိတ်ဆက်နိုင်မှု စသည်ဖြင့် ကောင်းသောအပြောင်းအလဲများကို ခံစားရမည်မှာလည်း အမှန်ပင်ဖြစ်သည်။

သို့သော် ယင်းနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အခွင့်ကောင်းယူပြီး လူမသမာသူအချို့အနေဖြင့် အွန်လိုင်းအခြေပြု လိမ်လည်မှုများ ပြုလုပ်ကြသည်ကိုလည်း စာရေးသူတို့ ပတ်ဝန်းကျင်တွင် စိတ်ပျက်ဖွယ်ရာ၊ စိတ်မကောင်းဖွယ်ရာ ကြားမြင်နေရပါသည်။

ဆက်သွယ်ရေးနည်းပညာ တိုးတက်လာမှုနှင့်အတူ Online Software များ ဖွံ့ဖြိုးလာမှုသည် ယခုကဲ့သို့ အရင်းအနှီးဖိတ်ခေါ်မှုများအပေါ် ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှု ကြီးမားလှရာ အကျိုးအမြတ်ရရှိမှု မြန်ဆန်သကဲ့သို့ ဆုံးရှုံးမှု ပမာဏမှာလည်း အချိန်တိုအတွင်း ကြီးမားသဖြင့် မိမိတို့၏ ချွေးနဲ့စာများ မဆုံးရှုံးရလေအောင် ချင့်ချိန်ဆောင်ရွက်ကြရန် အများပြည်သူများသို့ စာရေးသူအနေဖြင့် အကြံပြုလိုပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ အယုံမလွယ်ကြရန်နှင့် ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီသည် ဥပဒေနှင့်အညီ တည်ထောင်ထားခြင်း ရှိ မရှိ၊ အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းခွင့် ရှိ မရှိ၊ စိတ်ချယုံကြည်နိုင်မှု ရှိ မရှိတို့ကို သေချာစွာစိစစ်ရန်နှင့် တတ်ကျွမ်းနားလည်သူများနှင့် တိုင်ပင်ရန် လိုအပ်ပါသည်။

အထူးသဖြင့် အတိုးများများပေးမည်ဟူသော မက်လုံးများဖြင့် "Social Media" ကို အသုံးပြုပြီး လူအများကို ဆွဲဆောင်ကြသည်။ စာရေးသူအနေဖြင့် ဖြစ်ရပ်တစ်ခု ကြားခဲ့ရသည်။ ရန်ကုန်နှင့်မဝေးလှသော ပဲခူးတိုင်းဒေသကြီးရှိ ပြည်မြို့တွင် Saxon Capital Limited အမည်ဖြင့် မြန်မာကုမ္ပဏီတစ်ခုသည် အတိုးနှုန်းတစ်လလျှင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရရှိမည်ဟုကမ်းလှမ်းပြီး အစုရှယ်ယာများကို တစ်စုလျှင် ၁၂၅၀၀၀ နှုန်းဖြင့် ရောင်းချခဲ့သည်ကို ကြားသိခဲ့ရသည်။ ထိုသို့ အစုရှယ်ယာ ရောင်းချခြင်းကို (MLM) Multilevel Marketing စနစ်ဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းချသော The Best Company မှ ဝန်ထမ်းများက စတင်လုပ်ကိုင်ခဲ့သည်။ အစုရှယ်ယာဝင်လိုသူတစ်ဦးအား စည်းရုံးခေါ်ဆောင်နိုင်ပါက ငွေကျပ် ၉၅၀၀ ပေးပြီး စည်းရုံးခြင်းနှင့် မြင့်မားသော အတိုးနှုန်း မက်လုံးများကြောင့် အခြေခံလူတန်းစားများ၊ ဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိ၏ ချွေးနဲ့စာများဖြင့် ရင်းနှီးကာ အစုရှယ်ယာများ ဝယ်ယူခဲ့ပြီး ထိုသို့ အများပြည်သူများ ဝယ်ယူခဲ့သော အစုရှယ်ယာများစုပေါင်းလျှင် ငွေကျပ်သိန်းပေါင်း သောင်းချီရှိခဲ့သည်။

တစ်စတစ်စနှင့် ပဲခူးတိုင်းဒေသကြီးတွင်သာမက မွန်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးတို့သို့ပါ ပျံ့နှံ့သွားခဲ့သည်။ ကနဦးအစ တစ်လ၊ နှစ်လတွင် လူအများ ယုံကြည်မှု ရရှိစေရန် အတိုးနှုန်း မှန်မှန်ပေးခဲ့ပြီး ယင်းနောက်တွင်တော့ ငွေရော၊ ကုမ္ပဏီပါ ပျောက်လို့ ရှယ်ယာထည့်ဝင်ခဲ့သူ အခြေခံလူထုမှာသာ မျက်ရည်နှင့်မျက်ခွက် ကျန်ခဲ့ရသည်။ မည်မျှဝမ်းနည်းဖွယ်ရာပါတည်း။ နည်းပညာထွန်းကားစ တိုင်းပြည်၊ ပြည်သူတို့၏ နည်းပညာအပေါ်တွင် အယုံလွယ်မှုအပေါ်ကို ခုတုံးလုပ်၊ မက်လုံးပေး ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။

ယင်းလိမ်လည်မှုတွင် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ဇင်းကျိုက်မြို့ဒေသခံများ၏ သွေးချွေးရင်းပြီး ရှာဖွေခဲ့ရသော ငွေကျပ် သိန်းပေါင်း ၂၀၀၀ ခန့် ဆုံးရှုံးခဲ့ပါသည်။ ထို့ကြောင့် ယင်းဒေသခံများမှာ လွှတ်တော်တွင် တိုင်ကြားခဲ့ပြီး ပေါင်မြို့ရဲစခန်းတွင်ပါ အမှုဖွင့်ခဲ့ပါသည်။ အွန်လိုင်းပေါ်တွင် အတိုးနှုန်းများများပေးပြီး လိမ်လည်ခဲ့သည့် ဖြစ်ရပ်မှာ အခြားသောလူအများအတွက် သတိပြုစရာ ကောင်းပါသည်။

SCL Company နည်းတူ မလေးရှားနိုင်ငံသားများ လာရောက်ဖွင့်လှစ်သည့် Myanmar Jun Well Global Co.,Ltd သည်လည်း အစုရှယ်ယာများ ရောင်းချရင်းနှီးမြှုပ်နှံငွေများ ရယူကာ လိမ်လည်ရှောင်ပြေးသွားပြန်သည်။

Saxon Capital Limited (SCL) အမည်ဖြင့် အမေရိကန်အခြေစိုက် ကုမ္ပဏီတစ်ခုအဖြစ် NASDAQ တွင် စာရင်းဝင်ထားသော Company တစ်ခုရှိသော်လည်း ယခုလိမ်လည်သွားသော SCL မြန်မာကုမ္ပဏီမှာ အဆိုပါအုပ်စုတွင် ပါဝင်ခြင်း ရှိ မရှိ မသေချာပါ။

လိမ်လည်သူဆိုသူမှာ ပါးနပ်ပါသည်။ အကွက်ကျကျ စီစဉ်ကြပါသည်။ ယင်းဖြစ်ရပ်နောက်ကွယ်တွင် ယင်းကဲ့သို့ အတိုးများများ ပေးရုံသာမက လူအများယုံကြည်ရန် ဇာတ်လမ်းတစ်ခု ဖန်တီးခဲ့ပါသေးသည်။ ထိုင်းနိုင်ငံ The Best International Compant Limited အမည်ခံပြီး မြန်မာနိုင်ငံတွင် The Best Company CEO ဖြစ်သည့် Mr. CHIT SAUNO POUNG မှ သူ၏ မိတ်ဆွေဦးဆောင်သော Asia Pacific ဆိုင်ရာ Saxon Capital Limited ၏ ရင်းနှီးမြှုပ်နှံမှုအကြောင်းကို မြန်မာပြည်သူများထံသို့ The Best Company Limited ဝန်ထမ်းများမှ တစ်ဆင့် ဖြန့်ဝေခဲ့သေးသည်။ ထိုသို့ နည်းပညာသုတစလုံးရေစသော လူထု၏ ငွေကြေးများ ဆုံးရှုံးခဲ့ရသည်။

ဆုံးရှုံးမှုပြဿနာကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းပေးပါရန် ရင်းနှီးမြှုပ်နှံသူများက တင်ပြတောင်းဆိုခဲ့သော်လည်း အရာမထင်ခဲ့။ တာဝန်ယူမှု ကင်းမဲ့စွာဖြင့် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ တကယ်နစ်နာသွားသူများမှာ ကျေးလက်နေလူထုနှင့် ရိုးသားသူများသာ။ အခက်အခဲ အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်နေရသော ယနေ့ကာလတွင် အတိုးနှုန်းမက်လုံးကို ထွက်ပေါက်တစ်ခုအဖြစ် အယုံလွယ်ခဲ့သော သူများကိုလည်း စာရေးသူအနေဖြင့် ကရုဏာဒေါသောဖြင့် အပြစ်ဆိုချင်သော်လည်း မဆိုရက်။ မြန်မာပီပီ လက်သည်းဆိတ်က လက်ထိပ်နာခဲ့ရပြီဖြစ်သည်။ သွေးချင်းတို့၏ ဆုံးရှုံးမှုသည်လည်း မိမိတို့၏ ဆုံးရှုံးမှုကဲ့သို့ပင် ခံစားရသည်။

> "ယင်းလိမ်လည်မှုများတွင် MLM စနစ်ကို အဓိကအသုံးပြုခဲ့ကြပြီး MLM စနစ်၏ သားကောင်များအဖြစ် လူအများ ငွေကြေးများ ဆုံးရှုံးခဲ့ရသည့်အပြင် ဖွံ့ဖြိုးလာသော အိုင်တီနည်းပညာကို အသုံးပြုပြီး နည်းပညာဗဟုသုတ နည်းပါးသူများအား မိုဘိုင်းဖုန်းမှ ရလဒ်များကိုပါ ထည့်သွင်းပြသ ဆွဲဆောင်ခဲ့သဖြင့် လူအများ ပိုမိုယုံကြည်ကာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းလည်းဖြစ်"

ယင်းသို့ လိမ်လည်မှုများအပြီး တိုင်ကြားချက်များအရ သုံးသပ်ကြည့်လျှင် SCL မြန်မာကုမ္ပဏီတွင် စတင်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်သူများမှာ မိမိ၏ ရင်းနှီးသော မိတ်ဆွေများဖြစ်နေသည်ကို တွေ့ရပါသည်။ ကော်မရှင်ခများ၊ အမြတ်ရာခိုင်နှုန်းများကြောင့် နီးစပ်ရာ ဆွေမျိုးမိတ်ဆွေများကိုပါ ဆွဲဆောင်ခဲ့သဖြင့် မိတ်ဆွေသူငယ်ချင်းများ၏ ငွေကြေး ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပြီး တရားစွဲဆိုမည်ဆိုပါကလည်း မိမိမိတ်ဆွေ သူငယ်ချင်းများမှ စတင်စွဲဆိုရမည် ဖြစ်သဖြင့် များစွာအခက်တွေ့ခဲ့ကြောင်း တိုင်ကြားချက်များအပေါ်မှ သုံးသပ်မိပါသည်။

ယင်းလိမ်လည်မှုများတွင် MLM စနစ်ကို အဓိက အသုံးပြုခဲ့ကြပြီး MLM စနစ်၏ သားကောင်များအဖြစ် လူအများ ငွေကြေးများ ဆုံးရှုံးခဲ့ရသည့်အပြင် ဖွံ့ဖြိုးလာသော အိုင်တီနည်းပညာကို အသုံးပြုပြီး နည်းပညာဗဟုသုတ နည်းပါးသူများအား မိုဘိုင်းဖုန်းမှ ရလဒ်များကိုပါ ထည့်သွင်းပြသဆွဲဆောင်ခဲ့သဖြင့် လူအများ ပိုမိုယုံကြည်ကာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ဆုံးရှုံးမှုများကို အတတ်နိုင်ဆုံး ကာကွယ်တားဆီးနိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် SECM ကိုလည်း ယင်းဥပဒေအရ ဖွဲ့စည်းပေးခဲ့ပါသည်။ ဤကော်မရှင်ကို လုပ်ငန်းအတွက်လိုအပ်သည့် ငွေအရင်းအနှီးများ အလွယ်တကူရရှိကာ လုပ်ငန်းများ တိုးချဲ့၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန် ဈေးကွက်အား အများပြည်သူတို့၏ ယုံကြည်မှုရရှိရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ယခု ငွေချေးသက်သေခံလက်မှတ် လဲလှယ် ရောင်းဝယ်ရေးဥပဒေထွက်ရှိပြီး နောက်ပိုင်းတွင်မူ အများပိုင်ကုမ္ပဏီများ အများပြည်သူသို့ အစုရှယ်ယာကမ်းလှမ်းရောင်းချလိုပါက ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ အလားအလာညွှန်းတမ်း တင်ပြ အတည်ပြုချက်စနစ်ရယူပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ကာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းကို ဆက်လက် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်လိုသော ကုမ္ပဏီများမှလည်း စာရင်းဝင်စံများဖြင့် စနစ်တကျ အထပ်ထပ်အခါခါ စိစစ်ပြီးမှ အစုရှယ်ယာများ ရောင်းချခွင့်ရသည်။ ဥပဒေဘောင်၊ စည်းမျဉ်း၊ စည်းကမ်းအထပ်ထပ်ဖြင့် အစုရှယ်ယာ ရောင်းဝယ်ရာတွင် ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ဦးတည်ထားသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ကြောင်း ပြယုဂ်တစ်ခုပင်ဖြစ်သည်။

SECM သည် အများပြည်သူသို့ အစုရှယ်ယာများ ရောင်းဝယ်ရာတွင် လိမ်လည်လှည့်ဖြားခံရမှုမှ ကာကွယ်ရန် ကုမ္ပဏီများ၏ ခိုင်မာမှု၊ ဘဏ္ဍာရေးအခြေအနေ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှု ရှိ မရှိ စသည်တို့ကို စိစစ်ပြီးမှ စာရင်းဝင်ကုမ္ပဏီအဖြစ် ခွင့်ပြုပြီး အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်ခွင့်ပေးပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့ဝယ်ယူမည့် ရှယ်ယာများသည် တရားဝင်ကမ်းလှမ်းရောင်းချခွင့် ရှိ မရှိ၊ မှန်ကန်မှု ရှိ မရှိကို စိစစ်ပြီးမှ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ ဆုံးရှုံးမှုမရှိစေရန်အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဖြင့် ထိန်းကျောင်းနိုင်ရန်၊ အစုရှယ်ယာဈေးကွက်နှင့် ပြည်တွင်းငွေချေးစာချုပ် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုကျယ်ပြန့်ရေး ဆောင်ရွက်ရန်၊ ပြည်သူများ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်အတွက် ယင်းဥပဒေနှင့် တိုက်ဆိုင်ပြီး အများပိုင်ကုမ္ပဏီများအနေဖြင့် အများပြည်သူများသို့ အစုရှယ်ယာရောင်းချခွင့် ရှိ မရှိတို့ကို စစ်ဆေးရန် လိုအပ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ရန်ကုန်စတော့အိတ်ချိန်းအား တည်ထောင်ပြီး စာရင်းဝင်ကုမ္ပဏီလေးခုဖြင့် တရားဝင် အရောင်းအဝယ်ပြုလုပ်နေပါသည်။ ပြင်ပမှ လိမ်လည်လှည့်ဖြားလိုသူများအနေဖြင့် တရားဝင်ခွင့်ပြုထားသည့် စာရင်းဝင်ကုမ္ပဏီများထက် အကျိုးအမြတ်များ ပိုပေးပြီး ဆွဲဆောင်နေခြင်းကြောင့် ပြည်သူလူထုအနေဖြင့် အဆိုပါ လိမ်လည်လှည့်ဖြားသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မပြုကြရန်နှင့် ရင်းနှီးမြှုပ်နှံမည့် ပြည်သူများအနေဖြင့် မိမိလတ်တလောရရှိမည့် အကျိုးအမြတ်တစ်ခုတည်းကိုသာ အာရုံစူးစိုက်ခြင်းမပြုဘဲ မိမိရင်းနှီးမြှုပ်နှံမည့် လုပ်ငန်း၊ အဖွဲ့အစည်း၏ တရားဝင်ဖွဲ့စည်းခိုင်မာမှု ရှိ မရှိနှင့် အစုရှယ်ယာ ရောင်းဝယ်ရေးတွင် ဥပဒေနည်းပညာများ လိုက်နာရန် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာမှု ရှိ မရှိ စသည်တို့ကို လေ့လာဆန်းစစ်ပြီးမှသာ ရင်းနှီးမြှုပ်နှံသင့်ပါကြောင်း အသိပေးအကြံပြုရင်း စစ်မှန်သော ရင်းနှီးငွေများအား စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မာသော အရင်းအနှီးဈေးကွက်ကြီး ဝိုင်းဝန်းတည်ဆောက်ကြဖို့ ယခုကပင် ခြေလှမ်းသေးသေးလေးများဖြင့် စလိုက်ကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။ ။

## လျှပ်စစ်မီးဖြင့် ရေပေးဝေနိုင်ရေး ထရန်စဖော်မာ တည်ဆောက်ခြင်း ကွင်းဆင်း စစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၆**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြေသားကန် တူးဖော်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်မီးဖြင့် ရေပေးဝေနိုင်ရေး ထရန်စဖော်မာတည်ဆောက်ခြင်း လုပ်ငန်းများအား အရည်အသွေးပြည့်မီခြင်း ရှိ မရှိ တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ပြီး နှင်းရည်ဝင်းကုမ္ပဏီမှ တာဝန်ယူကာ အိမ်ခြေ ၄၂၀၊ လူဦးရေ ၁၈၁၇ ဦး သောက်သုံးရေ အဆင်ပြေစေရန် ဒိုင်ကောင်းကုန်းကျေးရွာ၌ အလျားပေ ၂၉၀၊ အနံပေ ၆၀၊ အနက် လေးပေ ခြောက်လက်မရှိ မြေသားကန် တူးဖော်ခြင်းနှင့် အိမ်ခြေ ၁၄၆ အိမ်၊ လူဦးရေ ၆၁၇ ဦးရှိသည့် ဘုရားစုကျေးရွာ၌ သောက်သုံးရေ အဆင်ပြေစေရန် လျှပ်စစ်ဖြင့် မော်တာနှင့် ပန့်အသုံးပြု၍ ကျေးရွာအတွင်း ရေဖြန့်ဝေနိုင်ရေး 100 KVA ထရန်စဖော်မာနှင့် 11 KV လိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်း၊ 10'x 8'x8' Pump House -30 HP Motor & Pump တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



## လောင်စာဆီ သိုလှောင်ရောင်းချမှု မရှိစေရေး စစ်ဆေး

**ခရမ်း ဒီဇင်ဘာ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မြို့တွင်း လောင်စာဆီများ သိုလှောင်ရောင်းချမှု မရှိရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၅ ရက်က ခရမ်းမြို့ အမှတ် ၃ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်မျိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါ်တင်မိုးခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦး၊ ခရမ်းမြို့ အမှတ် ၃ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ရပ်ကွက်အတွင်း လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

# ရောဂါကြီး သုံးမျိုး တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၄ သန်း ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ရန်ပုံငွေအဖွဲ့(Global Fund) အဖွဲ့မှ Dr. Urban Weber ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ဖြင့် ဆောင်ရွက်သော ရောဂါကြီး သုံးမျိုး စီမံချက်လုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အား အကဲဖြတ်ခြင်း ပြုလုပ်မည့် Office of Inspector General (OIG) အဖွဲ့ လာရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ လုံးဝကင်းစင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ''RAI2E'' စီမံချက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ တီဘီနှင့် HIV/ AIDS ရောဂါများ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ဆက်လက်ပံ့ပိုးသွားမည့် အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ HIV/ AIDS၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ရန်ပုံငွေများ ဆက်လက်ထောက်ပံ့ပေးရာတွင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၀၄ သန်း၊ HIV/ AIDS ရောဂါတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၉၆ သန်းနှင့် ငှက်ဖျားရောဂါ ကင်းဝေးရေးအတွက် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၄၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၄ သန်း ဆက်လက်ထောက်ပံ့လှူဒါန်းမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

**သတင်းစဉ်**





# ၂၀၁၈ ခုနှစ်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် လုပ်ငန်းအစီအစဉ် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) မှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ကော်မရှင်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (ဝဲပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းအစီအစဉ်ရေးဆွဲထားမှုအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဦးစီး၍ ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးများဘဝမြှင့်တင်ရေးအသင်းမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် HIV/AIDS ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စကားဝိုင်းကို မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာတွင် ဆက်လက်ကျင်းပသည်။

စကားဝိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အမျိုးသားခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက HIV/ AIDS ရောဂါအကြောင်း အသိပညာပေးဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက ကိုယ်ဝန်ဆောင်မိခင်များကို အနီးပိတ်၊ ကလေးအင်္ကျီနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် စကားဝိုင်းသို့ တက်ရောက်လာကြသူများက HIV/ AIDS ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများကို စကားဝိုင်းဆွေးနွေးပွဲများအဖြစ် အုပ်စုအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**




# NLD AIDS Centre မှ HIV လူနာများအား ကမ္မဋ္ဌာန်း တရားဟော သင်ကြားပြသ

**ရန်ကုန် ဒီဇင်ဘာ ၆**

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ဦးဆောင်ဖွင့်လှစ်ထားသော ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၆ ရပ်ကွက်ရှိ NLD AIDS Centre မှ HIV ကလေး၊ လူကြီး၊ လူငယ် စုစုပေါင်း ၁၂၀ ကျော်အား ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးမြင့်အောင်က ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဝိပဿနာ တရား၊ ဘဝနေနည်း၊ သေနည်းနှင့် ပတ်သက်၍ ဟောပြောသင်ကြားပြသခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



NLD AIDS Centre မှ HIV ရောဂါခံစားနေရသူ လူကြီးလူငယ်များ အနေဖြင့် တရားဟော သင်ကြားပြသခြင်းကို စိတ်ပါဝင်စားစွာ သင်ယူကြကြောင်း သိရှိရသည်။

လူအိုရုံများ၊ ရောဂါရင့်နေသူများ (ကင်ဆာလူနာများ) ရှိသော အဖွဲ့များ အနေဖြင့် ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးမြင့်အောင်-ဖုန်း - ၀၉ ၇၉၅၇ ၆၀၁၀၈၊ ဆင့်ဆင့်အောင် - ဖုန်း- ၀၉ ၅၀၀၀ ၉၁၀ တို့သို့ အကြောင်းကြား ဖိတ်ခေါ်ပါက ရန်ကုန်ရှိ တစ်ရက် တရားစခန်းများ ဖွင့်လှစ်ချိန်နှင့် ငါးရက်၊ ၁၀ ရက် တရားစခန်းများမှအပ လာရောက် တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ရက်တရားစခန်းများကို ရန်ကုန်မြို့၌ တနင်္ဂနွေနေ့တိုင်းတွင် ဇောတိကာရုံကျောင်းတိုက် ဗဟန်းမြို့နယ် (စင်ကာပူ သံရုံးဘေး)၌ လည်းကောင်း၊ စနေနေ့တိုင်းတွင် မြကန်သာဓမ္မာရုံ ဆင်ရေတွင်းမှတ်တိုင် ကမာရွတ်မြို့နယ်၌ လည်းကောင်း၊ ကြာသပတေးနေ့တိုင်းတွင် ရွှေဘုန်းပွင့်ဘုရား သုံးထပ်ဆောင် ပုဇွန်တောင်မြို့နယ်၌ လည်းကောင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

MNL ညွန့်ပေါင်းအသင်းသည် နိုင်ငံခြားသား အများစုဖြင့် ပွဲထွက်လာခဲ့ပြီး ဇော်မင်းထွန်း၊ ကျော်ဇင်ထက်(ဂိုး)၊ ဇင်မင်းထွန်းနှင့် မင်းမင်းသူတို့ကို တွဲဖက်အသုံးပြုခဲ့သည်။ ခြေစွမ်းပိုင်းအရ MNL ညွန့်ပေါင်းအသင်းက ပထမပိုင်းတွင် ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းမှာမူ ပွဲအစတွင် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။

မြန်မာ ယူ-၂၁ အသင်း တိုက်စစ်အတွဲဖြစ်သည့် ဇင်မင်းထွန်းနှင့် အီစိုး အတွဲမှာ MNL ညွန့်ပေါင်းနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၃၂ မိနစ်တွင် MNL ညွန့်ပေါင်း ဦးဆောင် ဂိုးရခဲ့ပြီး တိုက်စစ်မှူး အီမန်နျူရယ်က သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် မြန်မာ ယူ-၂၁ အသင်း တိုက်စစ်အားမြှင့်ခဲ့ပြီး ၃၉ မိနစ်တွင် တိုက်စစ်မှူး ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ကျော်ကိုကို၊ ကြည်လင်း၊ ခရစ္စတိုဖာ၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်တို့ ဝင်လာပြီး နောက်ပိုင်းတွင် MNL ညွန့်ပေါင်းအသင်း ပိုဖိကစားနိုင်ခဲ့သည်။ သို့သော် တိုက်စစ်မှူးများဖြစ်သည့် ခရစ္စတိုဖာ၊ ကျော်ကိုကိုတို့ ခြေစွမ်းမပြနိုင်၍ ထင်တိုင်းမပေါက်ခဲ့ပေ။

မြန်မာ ယူ -၂၁ အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၇၉၊ ၈၇ မိနစ်တွင် တိုက်စစ်မှူးဇင်မင်းထွန်း အပိုင်ကန်သွင်းခွင့်ရသော်လည်း လွဲချော်ခဲ့သလို ၈၄ မိနစ်တွင် ခရစ္စတိုဖာ၏ ကန်သွင်းမှုမှာလည်း ဘားထိထွက်ခဲ့၍ MNL ညွန့်ပေါင်းအသင်း ဒုတိယဂိုးနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ရခိုင်ပြည်နယ်အရေးကိစ္စကို ပြည်တွင်းတွင် ဖြေရှင်းဆောင်ရွက်နေသကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံ ညှိနှိုင်းဖြေရှင်းလျက်ရှိ

❊ *ရှေ့ဖုံးမှ*

ဘက်မလိုက်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မှု မရှိစေရေး စသည့်မူများနှင့် လိုက်လျောညီထွေမရှိပါကြောင်း၊

- ယခုအဆိုမူကြမ်းသည် ယုံကြည်မှု တူညီခြင်းမရှိသည့် လူစုတစ်စုအပေါ်တွင်သာ အဓိကအလေးထားကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းတွင် ကမ္ဘာပေါ်ရှိ မည်သည့် လူမျိုး၊ ဘာသာနှင့် ကျား/မ ခွဲခြားမှု မရှိသင့်ကြောင်း၊
- အဆိုမူကြမ်းပါ အချက်အချို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသကဲ့သို့ ဖြစ်နေကြောင်း၊ ခိုင်မာလုံလောက်သည့် သက်သေများမရှိဘဲ စွပ်စွဲချက်များကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း၊
- နိုင်ငံတကာ၏ အကူအညီပေးမှုသည် ပြဿနာကို ဖြေရှင်းမှုသာဖြစ်သင့်ကြောင်း၊ ပိုမိုဆိုးရွားစေမှုကို မဖြစ်စေသင့်ကြောင်း၊
- အဆိုမူကြမ်း၌ ARSA ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ရှုတ်ချခြင်း မရှိကြောင်း၊
- အထက်ပါအချက်များကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုအဆိုမူကြမ်းအား လက်မခံနိုင်သဖြင့် ပါဝင်ပတ်သက်ခြင်းပြုမည် မဟုတ်ကြောင်း၊
- ရခိုင်ပြည်နယ်အရေးကိစ္စသည် ရှုပ်ထွေးသိမ်မွေ့ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စိန်ခေါ်မှုများကို နားလည်ဖို့လိုကြောင်း၊
- လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသောကိစ္စများကို ဆက်လက်ဖြေရှင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။ **(အမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်း ပြောကြားသည့် မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့က ယခုအဆိုမူကြမ်းမဲခွဲရန် တောင်းဆိုခဲ့သည်။

ဆုံးဖြတ်ချက်အဆိုအား မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ (၃၃) မဲ၊ ကန့်ကွက်မဲ (၃) မဲ၊ ကြားနေမဲ (၉) မဲဖြင့် အတည်ပြုခဲ့သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် (၂)နိုင်ငံမှ ပါဝင်မဲပေးခြင်း မပြုခဲ့ပါ။ ကန့်ကွက်မဲပေးသည့် နိုင်ငံများမှာ မဲခွဲရန် တောင်းဆိုပေးသည့် တရုတ်နိုင်ငံ၊ ၂၀၁၇ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသည့် ဖိလစ်ပိုင်နိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ပြည်တွင်းတွင် ဖြေရှင်းဆောင်ရွက်နေသကဲ့သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း နှစ်နိုင်ငံ ညှိနှိုင်းဖြေရှင်းလျက်ရှိသည်။ ဤအခြေအနေတွင် အဆိုမူကြမ်းချမှတ်ခြင်းသည် မြေပြင်အခြေအနေကို အထောက်အကူ မဖြစ်စေဘဲ ပိုမိုရှုပ်ထွေးလာစေနိုင်သည့် အချက်ကို ထောက်ပြ၍ တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မဲခွဲရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် (၄၇) နိုင်ငံ ရှိသည့်အနက် (၁၄) နိုင်ငံက ထောက်ခံခြင်း မပြုခဲ့ကြသဖြင့်၊ အဆိုမူကြမ်းမှာ တူညီဆန္ဒဖြင့် အတည်ပြုနိုင်ခဲ့ခြင်း မရှိပါ။

ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ ဖိအားပေးနေသည့်ကြားမှ မဲခွဲရန် တောင်းဆိုပေးခြင်း၊ အဆိုမူကြမ်းကို ကန့်ကွက်မဲပေးခြင်း (သို့မဟုတ်) ကြားနေမဲပေးခြင်း (သို့မဟုတ်) မဲပေးမှုတွင် မပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် နားလည်မှုပြသခဲ့ကြသည့် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုက်အဝန်းရဲ့တောင်းဆိုမှုတွေကို လက်တွေ့တိုးတက်မှုများ ပြုလုပ်ခြင်းဖြင့် တုံ့ပြန်လျက်ရှိ

## လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အဆို ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရခိုင်ပြည်နယ်ရဲ့လတ်တလောနဲ့ ရေရှည်စိန်ခေါ်မှုများကို မဆုတ်မနစ် ဖြေရှင်းသွားမည်

**ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၂၇)ကြိမ်မြောက် အထူးအစည်းအဝေးတွင်**
**မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက ဆုံးဖြတ်ချက် အဆိုမူကြမ်း**
**(A/HRC/S-27/L.1) နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည့် မိန့်ခွန်း**
**(ဂျီနီဗာမြို့၊ ၅-၁၂-၂၀၁၇ ရက်)**

**သဘာပတိကြီးခင်ဗျား-**

လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သည့် A/HRC/RES/5/ 1 ရဲ့စာပိုဒ် 117 e (i) တွင် ကုလသမဂ္ဂအထွေထွေညီလာခံ/ တတိယကော်မတီ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းချင်းထပ်နေသော မလိုလားအပ်သည့် ဆောင်ရွက်ချက်များကို လျှော့ချရန် ရှင်းလင်းစွာ ဖော်ပြထားပါတယ်။ ယနေ့ကျင်းပတဲ့ အထူးအစည်းအဝေးနှင့် ယင်း၏ ဆုံးဖြတ်ချက်အဆိုဟာ အဲဒီလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်နှင့် လုံးဝသွေဖည်လျက်ရှိပါတယ်။

ယခုအစည်းအဝေးခန်းမအတွင်းရှိ အခြားသောနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် မူအရ နိုင်ငံတစ်နိုင်ငံတည်းကိုသာ ဦးတည်ရွေးချယ် ချမှတ်သည့် မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမဆို ဆန့်ကျင်ပါတယ်။ ထိုသို့ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ပိုမိုကွဲပြားမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကိုသာ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

ယနေ့ ချမှတ်သော country specific အဆိုသည်လည်း ယင်းအတိုင်းပဲဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေး ခိုင်မာစေဖို့ တာဝန်ရှိတဲ့ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ စုပေါင်းကြိုးပမ်းမှုတွေဟာ ဘက်မလိုက်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ရွေးချယ်မှု မရှိစေရေး စတဲ့ အခြေခံမူများနဲ့ တဖြည်းဖြည်း ကင်းကွာလာတာကို ဝမ်းနည်းဖွယ် တွေ့ရပါတယ်။ ကြိုတင်စီမံထားသည့် နိုင်ငံရေးဆောင်ရွက်ချက်နှင့် ဘက်လိုက်မှုတွေဟာ အမြစ်တွယ်လာနေတယ်လို့ ခံစားရပါတယ်။

ရခိုင်ပြည်နယ်ရဲ့ စိန်ခေါ်မှုနဲ့ပတ်သက်လို့ စိုးရိမ်မှုအရှိဆုံးဟာ မိမိတို့ မြန်မာနိုင်ငံပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီစိန်ခေါ်မှုကို ဖြေရှင်းဖို့ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းရဲ့ အကူအညီနဲ့ ကြိုးပမ်းမှုတွေကို ကြိုဆိုပါတယ်။ သို့သော်လည်း ယင်းအကူအညီ အထောက်အပံ့တွေဟာ ပြဿနာကို ဖြေရှင်းမှုသာဖြစ်သင့်ပြီး၊ ပိုမိုဆိုးရွားစေမှုကို မဖြစ်စေသင့်ပါဘူး။ မိမိတို့အနေနဲ့ နိုင်ငံတကာ အသိုက်အဝန်းနဲ့ အတူ စိုးရိမ်ပူပန်မှု ရှိနေချိန်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ ကြိုးပမ်းချက်တွေဟာ မီးလောင်ရာလေပင့်တာမျိုး မဖြစ်စေဖို့ လိုအပ်ပါတယ်။

အဆိုမူကြမ်းဟာ ယုံကြည်မှု တူညီခြင်းမရှိသည့် လူစုတစ်စုအပေါ်တွင်သာ အဓိကအလေးထားထားတာ ဖြစ်ပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဟာ ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုး၊ ဘာသာနှင့် ကျား/ မ ခွဲခြားမှု မရှိသင့်ပါ။ လူ့အခွင့်အရေးကောင်စီကဲ့သို့ ကုလသမဂ္ဂ ဆွေးနွေးပွဲတစ်ခုဟာ ယခုလို ဘက်လိုက်တဲ့ ချဉ်းကပ်မှုမျိုးအတွက် နေရာမျိုး မဖြစ်စေသင့်ပါဘူး။ ယင်းချဉ်းကပ်မှုမျိုးဟာ လူ့အခွင့်အရေးကောင်စီအတွက် အစဉ်အလာဆိုးတစ်ခုဖြစ်စေမှာ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက်အဆိုမူကြမ်းတွင် ပါဝင်သည့် အချက်အချို့မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေတဲ့ အချက်တွေ ပါဝင်ပါတယ်။ တချို့အချက်တွေဟာ အဖြစ်မှန်နှင့် ဝေးကွာပြီး၊ မြေပြင်အခြေအနေနဲ့ ကိုက်ညီခြင်းမရှိပါဘူး။ အတည်ပြု စိစစ်ထားခြင်းမရှိတဲ့ ကိန်းဂဏန်းတွေကို အဆိုမူကြမ်းမှာ အသုံးပြုခြင်းဟာလည်း ကျင့်ဝတ်နှင့် မညီသည့်သာမက ပညာရှင်မဆန်ပါဘူး။ သက်သေလုံလောက်မှု မရှိသော လက်ဆုပ်လက်ကိုင်ပြနိုင်ခြင်း မရှိသော စွပ်စွဲချက်တွေကိုလည်း စာသားမှာ ထည့်သွင်းထားပါတယ်။

ကုလသမဂ္ဂ၏ ဖိုရမ်အားလုံးမှာ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားခြင်းဟာ စစ်မှန်တဲ့ စေတနာပေါ်အခြေခံခြင်း ရှိ-မရှိကို မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ထို့ပြင် ကုလသမဂ္ဂဘတ်ဂျက်ကို အကျိုးရှိစွာနှင့် ထိရောက်စွာ သုံးစွဲခြင်း ရှိ၊ မရှိကိုလည်း မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။

**သဘာပတိကြီးခင်ဗျား-**

- အဆိုမူကြမ်း၏ ဆောင်ရွက်ရန်တိုက်တွန်းသည့် စာပိုဒ်နှင့် နိဒါန်းစာပိုဒ်အချို့ပါ အချက်များဟာ ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို ပုံတူကူးထားခြင်းသာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်ပါ အချက်များဖြစ်သော လွတ်လပ်စွာ သွားလာခွင့်၊ လူသားချင်းစာနာမှု အထောက်အပံ့များ ရရှိနိုင်မှု၊ အသိုက်အဝန်းများအကြား ဆွေးနွေးပွဲ၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံသားဥပဒေ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေကို လိုရာဆွဲ၍ အပျက်သဘောပုံရိပ်ဘက်သို့ ကောက်နုတ်ထားပြီး ဖြစ်ပါတယ်။ အစိုးရအနေနဲ့ အကြံပေးကော်မရှင်ရဲ့အကြံပြုချက်တွေကို အကောင်အထည်ဖော်နေပြီဖြစ်တဲ့ အတွက် ထိုဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် မည်သို့အကျိုးဖြစ်ထွန်းစေမည်ကို မိမိတို့ကိုယ်ကို မေးခွန်းထုတ်သင့်ပါတယ်။
- အဆိုမူကြမ်းဟာ ARSA ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ရှုတ်ချခြင်း မရှိပါ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ARSA ရဲ့ပထမဆုံး တိုက်ခိုက်မှုပြီးနောက် မကြာမီထုတ်လွှင့်ခဲ့တဲ့ ၁၈ မိနစ်စာ ဗီဒီယိုတွင် အဆိုပါ တိုက်ခိုက်မှုသည် ၎င်းတို့ လုပ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကို အမည်တပ် ထုတ်ဖော်ရှုတ်ချရန် ရှောင်ဖယ်ခြင်းဟာ အကြမ်းဖက်မှုကို အလိုအလျောက် သဘောတူရာ ရောက်ပါတယ်။ သို့ဖြစ်၍ အကြမ်းဖက်သမားများသည် ၎င်းတို့ရောက်ရှိတဲ့ မည်သည့်နေရာတွင်မဆို အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေမည်သာ ဖြစ်ပါတယ်။
- မြန်မာနိုင်ငံသို့ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့(FFM) စေလွှတ်မည့်ကိစ္စဟာ မြေပြင်အခြေအနေနှင့် ပြည်တွင်းရေးအခြေအနေများနဲ့ သဟဇာတ မရှိတဲ့အတွက် မိမိတို့အနေဖြင့် ပါဝင်ပတ်သက်မှု မပြုခဲ့ပါ။ ယနေ့ထိလည်း ယင်းရပ်တည်ချက်မှာ ပြောင်းလဲခြင်း မရှိပါဘူး။
- ဆုံးဖြတ်ချက်တွင် ဆောင်ရွက်ရန် တိုက်တွန်းသည့်စာပိုဒ် အမှတ် ၂၀ နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာ တင်သွင်းသူများမှ တောင်းခံလာသည့် သတင်းအချက်အလက်အားလုံးကို ပံ့ပိုးပြန်ကြားပေးလျက်ရှိပါတယ်။ အခြားအဖွဲ့ဝင်နိုင်ငံများကဲ့သို့ပင် မိမိတို့အနေဖြင့် လက်ရှိအဆင့်တွင် သက်ဆိုင်သူ/ အဖွဲ့အစည်းအားလုံးကို လက်ခံဖိတ်ကြားရန် အခက်အခဲရှိပါတယ်။
- ဆောင်ရွက်ရန်တိုက်တွန်းသည့်စာပိုဒ် အမှတ် ၂၁ နှင့် ၂၂ အရ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနဲ့ အချက်အလက် ရှာဖွေရေးအဖွဲ့တို့ရဲ့အစီရင်ခံမှုဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းမည်ဆိုပါက မြန်မာနိုင်ငံအရေးဟာ လူ့အခွင့်အရေးကောင်စီ၏ လာမည့်ပုံမှန်အစည်းအဝေးများ အားလုံးနီးပါးမှာ ပါဝင်နေမှာ ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်မှ စ၍ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်အား အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးနေသည့် နိုင်ငံအပေါ် ယခုကဲ့သို့ လွန်ကဲတဲ့ အာရုံစိုက်မှုဟာ အလွန်ပင် အလွန်အကျွံဖြစ်လျက် ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အထက်ပါအချက်များအရ မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆုံးဖြတ်ချက်အဆိုအား မဲခွဲသည့်ကိစ္စအပေါ် ပါဝင်ပတ်သက်မည် မဟုတ်ပါ။

ရခိုင်ပြည်နယ်အရေး၏ ရှုပ်ထွေးမှုဟာ အလွန်ကြီးမားပါတယ်။ ဒါကြောင့် စိန်ခေါ်မှုများကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပိုမိုသိရှိနားလည်ရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုက်အဝန်းရဲ့တောင်းဆိုမှုတွေကို လက်တွေ့တိုးတက်မှုများ ပြုလုပ်ခြင်းဖြင့် တုံ့ပြန်လျက်ရှိပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အဆို ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရခိုင်ပြည်နယ်ရဲ့လတ်တလောနဲ့ ရေရှည်စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် မဆုတ်မနစ် ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

- ❍ **အစိုးရအနေနဲ့ အကြံပေးကော်မရှင်ရဲ့အကြံပြုချက်တွေကို အကောင်အထည်ဖော်နေပြီဖြစ်တဲ့အတွက် ထိုဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြင့် မည်သို့အကျိုးဖြစ်ထွန်းစေမည်ကို မိမိတို့ကိုယ်ကို မေးခွန်းထုတ်သင့်**
- ❍ **အကြမ်းဖက်တိုက်ခိုက်မှုများကို အမည်တပ် ထုတ်ဖော်ရှုတ်ချရန် ရှောင်ဖယ်ခြင်းဟာ အကြမ်းဖက်မှုကို အလိုအလျောက် သဘောတူရာရောက်**
- ❍ **၁၉၉၂ ခုနှစ်မှ စ၍ အထူးအစီရင်ခံစာတင်သွင်းသူ အဆက်ဆက်အား အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးနေသည့် နိုင်ငံအပေါ် ယခုကဲ့သို့ လွန်ကဲတဲ့ အာရုံစိုက်မှုဟာ အလွန်ပင် အလွန်အကျွံ ဖြစ်လျက်ရှိ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဌာန်း

**မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ ။)**

**၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

(ဂ) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(၁) **သက်ဆိုင်ရာဥပဒေ** ဆိုသည်မှာ နိုင်ငံတော်၏ အတည်ဖြစ်လျက်ရှိသောဥပဒေများဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိသောဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တစ်ရပ်ရပ်ကို ဆိုသည်။

(၂) **တွဲဖက်လုပ်ကိုင်သူ**ဆိုသည်မှာ -

(ကက) အထူးသဖြင့်ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သည့်အခါတွင်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊

(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်

(၄) ကုမ္ပဏီကို ထိန်းချုပ် အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခု အပါအဝင်)နှင့် သက်ဆိုင်သည့်အခါတွင်-

(၁) သက်ဆိုင်သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဦး သို့မဟုတ်

(၂) သက်ဆိုင်သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့် တရားဝင်သော် လည်းကောင်း၊ တရားမဝင်သော် လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက်ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၃) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့်တစ်ဦးဦးကို ဆိုသည်။

(ဂဂ) သို့သော် အောက်ပါအကြောင်းကြောင့်မျှဖြင့် ပုဒ်မခွဲငယ်စိတ်(ကက) သို့မဟုတ် ပုဒ်မခွဲငယ် စိတ် (ခခ) အရ တွဲဖက်လုပ်ကိုင်သူတစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့်ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်း မပြုရ-

(၁) အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ် ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စား ပြုလုပ်ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင်ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။

(၃) **အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ** ဆိုသည်မှာ ဤဥပဒေတွင် ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် အလို့ငှာ ပြည်ပကော်ပိုရေးရှင်းတစ်ခုက ခန့်အပ်ထားသော နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄) **ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ်အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကို ဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့်ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာအဖွဲ့ဆိုသည်မှာ ထိုဒါရိုက်တာတစ်ဦးကို ဆိုသည်။

(၅) **ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၆) **ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ ငွေကြေးထည့်ဝင်ရန်တာဝန်ရှိသူများ အားလုံးကို ဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်သည်ဆိုသည်ကို ဆုံးဖြတ်ရန်အတွက် တရားစွဲဆို ဆောင်ရွက်မှုများနှင့် အပြီးသတ်ဆုံးဖြတ်ချက်မချမှတ်မီ တရားစွဲဆို ဆောင်ရွက်မှုများတွင် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု စွပ်စွဲဖော်ပြခံရသူများလည်း ပါဝင်သည်။

(၇) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ် အပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့ အဖွဲ့အစည်းတစ်ရပ်ကို ဆိုသည်။

(၈) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကို ဆိုသည်။

(၉) **ဒီဘင်ချာ** ဆိုသည်မှာ ကုမ္ပဏီမှ ချေးယူထားသော ငွေအတွက် အဆိုပါ ကုမ္ပဏီမှ ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။ ယင်းတွင် ဒီဘင်ချာစတော့ရှယ်ယာလည်း ပါဝင်သည်။

(၁၀) ဤဥပဒေတွင်ပါရှိသောကိစ္စရပ်များအတွက် **ဒါရိုက်တာ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏ -

(ကက) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါ ရာထူးနေရာတွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်းမခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူတစ်ဦးဦးကို ဆိုသည်-

(၁) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်း ခံရသကဲ့သို့ ထမ်းဆောင်နေသူ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီ လိုက်နာဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့ လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်သူ သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန်စွာ ဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှု ရှိခြင်းတို့ကြောင့် ဒါရိုက်တာများက လိုက်နာဆောင်ရွက်သည်ဆိုသောအကြောင်းမျှဖြင့် ဤပုဒ်မခွဲငယ်၏ ပုဒ်မခွဲငယ်စိတ်(ခခ)၊ (၂) ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

(၁၁) **တည်ဆဲကုမ္ပဏီ** ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(၁၂) **ကျွမ်းကျင်သူ**ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုးသတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသားဖော်ပြချက်တစ်ရပ် ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။

(၁၃) **ငွေကြေးအထောက်အပံ့** ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ်ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် အခြားတစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေးအထောက်အပံ့ပေးခြင်းတို့ ပါဝင်သည်။

(၁၄) **နိုင်ငံခြားကုမ္ပဏီ**ဆိုသည်မှာ ပြည်ပကော်ပိုရေးရှင်းသို့မဟုတ် အခြားနိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ပိုင်ဆိုင်မှုပမာဏ ၃၅ ရာခိုင်နှုန်းအထက် ပိုမိုသည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကို ဆိုသည်။

(၁၅) ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့်**အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။

(၁၆) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းကိုဆက်ခံသည့် အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

(၁၇) **အရာရှိ (Officer)** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကိုလည်းကောင်း၊ အဓိကအပိုင်းကို လည်းကောင်း အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်သူ သို့မဟုတ်

(ခခ) ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာတောင့်တင်းမှုကို သိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူးနေရာအား ရရှိထားသူ။

(၁၈) **အော့ပ်ရှင်(option)**ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီထားသည့်ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။

(၁၉) **အများအားဖြင့် နေထိုင်သူ**ဆိုသည်မှာသက်ဆိုင်ရာဥပဒေအရ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ သို့မဟုတ် ၁၂ လတာ ကာလ တစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက်နေထိုင်သူကိုဆိုသည်။ ၁၂လတာကာလ ဆိုသည်-

(ကက) တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းဖြစ်ပါက ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်ရမည်။

( ခခ ) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့်နေ့မှ စတင်ရမည်။

(၂၀) **သာမန်ဆုံးဖြတ်ချက်** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့်ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၂၁) **ပြည်ပကော်ပိုရေးရှင်း**ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။

(၂၂) **ပိုင်ဆိုင်မှုအကျိုးခံစားခွင့်** ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဆိုသည်။ အောက်ဖော်ပြပါနည်းလမ်းများ အပါအဝင် ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်များကို ရရှိနိုင်သည် -

(ကက) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက် ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်

(ခခ) ဖော်ပြပါ ကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်

(ဂဂ) ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသောသူအဖြစ် သဘောတူညီချက်ရှိခြင်း။

(၂၃) **သတ်မှတ်ဖော်ပြထားသည့်** ဆိုသည်မှာ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ဇယား သို့မဟုတ် ပုံစံအရဖြစ်စေ၊ ယင်းတို့တွင် ဖြစ်စေ သတ်မှတ် ဖော်ပြထားသည့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်များကို ဆိုသည်။

(၂၄) **ယခင်ဥပဒေ** ဆိုသည်မှာ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ဆိုသည်။

(၂၅) **အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုကို ဆိုလိုပြီး ယင်းသည် အောက်ပါ ကန့်သတ်ချက်များကို လိုက်နာရမည်-

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူ ဦးရေ ၅၀ ဦးထက် မပိုစေရ။

(ခခ) ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ။

(ဂဂ) အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ ကန့်သတ်နိုင်သည်။

ဤအဓိပ္ပာယ်ဖော်ပြချက်အရ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာများကို ပူးတွဲပိုင်ဆိုင်ကြလျှင် ၎င်းတို့အား ပါဝင်သူဦးရေ တစ်ဦးအဖြစ်သာ မှတ်ယူရမည်။

(၂၆) **ကမကထပြုသူ** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းတွင်ဖြစ်စေ မှားယွင်းတင်ပြသော သို့မဟုတ် မှန်ကန်မှု မရှိသော ရေးသားဖော်ပြချက်များ ပြုစုဆောင်ရွက်ရာတွင်ပါရှိသောသူ တစ်ဦးဦးကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၂၇) **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံလက်မှတ်များကို ပေးချေဝယ်ယူရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် ကုမ္ပဏီ၏အလားအလာ ဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက်တစ်ရပ်ရပ်ကို ဆိုသည်။ သို့သော် ယင်းတွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို တရားဝင်ပြုစုဆောင်ရွက်ထားသည့် အကြောင်းသာ ဖော်ပြထားသော ကြေညာချက်တစ်ရပ်ရပ် ပါဝင်ခြင်း မရှိစေရ။

(၂၈) **အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ သို့မဟုတ် ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်းထားသော အများနှင့်မသက်ဆိုင်သောကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီကိုဆိုသည်။

(၂၉) **မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များ** ဆိုသည်မှာ အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာရင်းတစ်ခုဖြင့် ကုမ္ပဏီမှ ရေးသွင်းပြုစုထားသည့် ငွေချေးသက်သေခံလက်မှတ် တစ်ရပ်ရပ်ကို ဆိုသည်။

(၃၀) **မှတ်ပုံတင်ထားသောရုံး** ဆိုသည်မှာ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာမတင်မီ တစ်ဆက်တည်းဖြစ်သော ခြောက်လကာလအတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးအဖြစ် ကာလအကြာရှည်ဆုံးရှိသည့် နေရာကို ဆိုသည်။

*ဆက်လက်ဖော်ပြပါမည်*

# မောင်တောဒေသခံ တိုင်းရင်းသားများအတွက် နတလမှ ကျေးရွာသစ်လေးရွာ တစ်ပြိုင်တည်း တည်ဆောက်ပေးမည်

**မောင်တော ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောဒေသနေ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာသစ်လေးရွာကို အကောင်အထည်ဖော် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"နယ်စပ်ရေးရာ ဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်က နယ်စပ်ဒေသနေ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကထားပြီး အရင်ကတည်းက ချမှတ်လုပ်ဆောင်ခဲ့တာပါ။ နိုင်ငံတစ်ဝန်း နယ်စပ်ဒေသတွေမှာ ပညာရေးကျောင်းတွေ၊ ဆရာ ဆရာမတွေ နေတဲ့ အဆောင်တွေ၊ လမ်းတွေ၊ သက်မွေးမှုပညာကအစ တတ်နိုင်သလောက် နှစ်အလိုက် လုပ်ဆောင်ပေးခဲ့ပါတယ်၊ အခုလို နိုင်ငံရဲ့ နယ်စပ်အစွန်အဖျားတွေမှာ လမ်းတွေရှိနေရမယ်၊ မီးအတွက်လည်း ဆိုလာလိုအပ်တဲ့နေရာ ဆိုလာ၊ အိမ်ရာဆောက်ပေးသင့်တဲ့ ကျေးရွာတွေမှာ အိမ်ရာ အလျဉ်းသင့်သလို ကူညီထောက်ပံ့ပေးမှုတွေ ရှိပါတယ်။

"တိုင်းရင်းသားကလေးတွေအတွက် လူငယ်သင်တန်းကျောင်းတွေဖွင့်ပေးသလို ပညာတော်ရင်တော်သလို ဒီဂရီ၊ ကောလိပ်တွေအထိ တက်ရောက်နိုင်အောင် ကူညီထောက်ပံ့ပေးတဲ့ လုပ်ငန်းစဉ်တွေ လုပ်ဆောင်ပေးနေပါတယ်၊ သီးခြားကဏ္ဍ တစ်ခုအနေနဲ့ အခု မောင်တောမှာ လမ်းပိုင်းဆိုင်ရာကအစ ရေတို၊ ရေလတ်နဲ့ ရေရှည်စီမံချက် တွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်"ဟု နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မောင်တောခရိုင်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သော မောင်တောမြောက်ပိုင်း ခုံတိုင်(မြို)ကျေးရွာသစ်ကို နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လတ်တလော တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။




ခုံတိုင်(မြို) ကျေးရွာသစ် တည်ဆောက်နေမှုကိုတွေ့ရစဉ်။

ခုံတိုင်(မြို) ကျေးရွာသစ်ကို မေယုတောင်ကြောမှ တစ်မိုင်ခွဲခန့်ဝေးကွာသော ယခင်ခုံတိုင်(မြို) ကျေးရွာဟောင်းအား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မောင်တော-ကျီးကန်းပြင်-တောင်ပြို ကားလမ်းဘေးသို့ ရွှေ့ပြောင်းတည်ဆောက်ပေးခြင်းဖြစ်သည်။ အိမ်ခြေစုစုပေါင်း ၄၈ အိမ်တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အုတ်စီ တစ်ထပ်တိုက်အမျိုးအစားဖြစ်ကာ ရေချိုးခန်း၊ အိမ်သာမှအစ ပါဝင်မည်ဖြစ်သည်။ အဆိုပါ အိမ်သစ်တစ်လုံးအတွက် ခန့်မှန်းကုန်ကျ ငွေကျပ်သိန်း ၇၀ လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခုံတိုင်(မြို)ကျေးရွာသစ်ကို အောက်တိုဘာ ၁၆ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်တင်ပေးခဲ့သည်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စုပေါင်းခန်းမ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဆေးပေးခန်း၊ ရေတွင်း၊ ရေကန်၊ ဈေးစသည်ဖြင့် ကဏ္ဍစုံပါဝင်မည်ဖြစ်ပြီး မြိုလူမျိုးတို့၏ ရိုးရာမပျက် ယဉ်ကျေးမှုပြကွက်တစ်ခုအဖြစ် ဝါးများဖြင့် ပြုလုပ်နေထိုင်သော မြိုတိုင်းရင်းသား အိမ်တစ်လုံးကိုလည်း ထည့်သွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နတလက တာဝန်ယူထားတဲ့ ကျေးရွာသစ် အဆောက်အအုံတွေက စနေပါပြီ၊ အကွက်ရိုက်၊ ဖောင်ဒေးရှင်းတည်တာကအစ တစ်ပြိုင်တည်းလုပ်နေတာပါ၊ ခုံတိုင်ကျေးရွာသစ်ကို တော့လောလောဆယ် နတလ ကွပ်ကဲမှုနဲ့ Family Ayechan ကုမ္ပဏီက တည်ဆောက်နေတယ်၊ လုပ်ငန်းစဉ်တွေ အားလုံးကို ဒီဘတ်ဂျက်အကုန် နောက်ဆုံး အပြီးတည်ဆောက်သွားဖို့ လျာထားတာပါ၊ ဒါပေမယ့် လတ်တလောမှာတော့ တာဝန်ယူတဲ့ ကုမ္ပဏီအားလုံးမှာ အလုပ်သမားအခက်အခဲဖြစ်နေတယ်၊ တချို့ပြည်မဘက်ကပါ အလုပ်သမားတွေ ခေါ်ယူလုပ်ကိုင်နေရတယ်" ဟု ဦးစိုးလွင်က ထပ်မံရှင်းပြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လတ်တလော တည်ဆောက်ပေးနေသော ခုံတိုင်(မြို) ကျေးရွာသစ်နှင့်အတူ ကျောက်ပန္နူ၊ နံ့ရာကိုင်း ကျေးရွာသစ် သုံးရွာအပြင် ဘူးသီးတောင်မြို့နယ် ဇီးတုန်ကျေးရွာသစ်ကိုလည်း ယခုဘဏ္ဍာနှစ်တွင် ထည့်သွင်း တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာသစ်တစ်ရွာ တည်ဆောက်ရာတွင် တန်ဖိုးငွေကျပ် ၃၂၅ သိန်း စီလျာထားကာ နေရာဒေသအပေါ်မူတည်၍ အိမ်ရာများကို တည်ဆောက်ပေးလျက်ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် တည်ဆောက်ပေးသော ကျေးရွာသစ် ၃၉ ရွာရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့၊ဓာတ်ပုံ- မင်းထက်**

❒ *ကျောဖုံးမှ*

၎င်းတို့အဖွဲ့သည် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ကျေးရွာ၊ မောင်တောမြို့နယ်ရှိ အင်းဒင်ကျေးရွာများသို့ သွားရောက်ကာကျေးရွာများ၌ ပြည်သူများအတွက် UEHRD လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်သူအတွက် ရက် ၂၀ လူငယ်အဖွဲ့နှင့် လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများနှင့် လည်းကောင်း တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မောင်တော-အလယ်သံကျော်-အငူမော်လမ်းပိုင်းရှိ ကိုင်းကြီး(မြို) ကျေးရွာသစ် တည်ဆောက်နေမှု၊ မိုးစပါးရိတ်သိမ်း ခြွေလှေ့နေမှုများနှင့် အခြောက်လှန်းသိမ်းဆည်းနေသည်များကို သွားရောက်ကြည့်ရှုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအပိုင်းများကို လိုက်လံကြည့်ရှုသည်။

ယင်းအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောခရီးစဉ်၌ သုံးရက်ကြာမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၊ ဒေသတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ICRC အဖွဲ့နှင့် ၎င်းတို့၏ မြေပြင်လှုပ်ရှားနေမှုအခြေအနေများကိုလည်း လိုက်လံ ကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်း ပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ စုစုပေါင်း ၅၅၄၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၅ရက်ထိ စုစုပေါင်း ၃၇၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညို ကျေးရွာများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ဧက ၄၇၀ ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ငပုကွ၊ ဝင်းဇားကျေးရွာများ နှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၂၃၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါး များ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ဧက ၃၃၀ ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင် မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၂၇၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင် မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှု လယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့ မကျည်းချောင်း ဒုညောင်ပင်ကြီးတောင် ကျေးရွာတာဝန်ခံ အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၆**

မောင်တောမြို့ မကျည်းချောင်း ဒုညောင်ပင်ကြီးတောင် ကျေးရွာတာဝန်ခံတစ်ဦး ယမန်နေ့ညက အသတ်ခံရကြောင်း သိရသည်။

ဒုညောင်ပင်ကြီးတောင် ကျေးရွာတာဝန်ခံ ရှော်ဖိတ်အာမန်၏ နေအိမ်သို့ ယမန်နေ့ ည ၉ နာရီခွဲခန့်တွင် လူနှစ်ဦးဝင်လာပြီး သေနတ်ဖြင့်ပစ်၍ ဓားဖြင့်ခုတ်ခဲ့ရာ ရှော်ဖိတ်အာမန်တွင် ဝမ်းဗိုက်ပေါက်ထွက်၊ လည်ကုပ်၊ ညာလက်ဖျံ၊ ဘယ်ပခုံး ပြတ်ရှဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။ ဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိ စစ်ဆေးရာ ၇ ဒသမ ၆၂ ကျည်ခွံတစ်ခုနှင့် အိမ်နံရံအတွင်းမှ ကျည်ထိပ်ဖူးတစ်ခု တွေ့ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ရွာသာယာ (တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ် တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရွက်ညိုတောင် (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်သုံးကောင်တို့ကို ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၉ ကောင် တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၈၃ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ကားပစ်စတင် အခွံ ၉၇ လုံး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူ(စေတီ)ကျေးရွာတွင် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ယမ်းမထည့်ရသေးသည့် ကားပစ်စတင် ၉၇ လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကျောက်ပန္နူ(စေတီ) ကျေးရွာရှိ မီးလောင်ထားသော နေအိမ်များအနီး လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ပစ်စတင်အိုးများ ထည့်ထားသည့် ပလတ်စတစ်ပုံးတစ်လုံးအား မြေကြီးအတွင်း၌ မြှုပ်နှံထားသည်ကို တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့မှာ ယမန်နေ့ညနေပိုင်းက တူးဖော်ခဲ့ရာ ပလတ်စတစ်ပုံးထဲတွင် ယမ်းမထည့်ရသေးသည့် ကားပစ်စတင် ၉၇ လုံးအား တွေ့ရှိခဲ့ပြီး တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၆**

(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများအား ဂုဏ်ပြုသည့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဖွင့်အမှာစကားပြောကြားပြီး သံအမတ်ကြီး ဦးကျော်ဇေယျက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီအသီးသီး မှတာဝန်ရှိသူများသည် ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**



# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ သတင်းထုတ်ပြန်ကြေညာ

***ယမန်နေ့မှအဆက်***

၈။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လက်ထက်တွင် (၅/၂၀၁၆) မှ (၁၁/၂၀၁၇)အထိ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ အသုံးမပြု ပိုလျှံ၍ လည်းကောင်း၊ မူလပိုင်ရှင်များသို့ပြန်လည်ပေးအပ်ရန် လည်းကောင်း၊ အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် လည်းကောင်း ပြန်လည်စွန့်လွှတ်မှုအပေါ် သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီလက်ထက် ပြန်လည်စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေ**

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်းစွန့်လွှတ်မြေ (ဧက) | | စိုက်ပျိုးမြေအဖြစ် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်မည့် ဧက | စိုက်ပျိုးမြေမဟုတ်သော နိုင်ငံပိုင်မြေအဖြစ် ထိန်းသိမ်းထားရှိမည့် ဧက | အခြား ဝန်ကြီးဌာနသို့ လွှဲပြောင်းရန် စွန့်လွှတ်သည့် ဧက |
|---|---|---|---|---|---|---|
| | | အမှု | ဧက | | | |
| ၁ | နေပြည်တော် | ၆ | ၂၆၂.၅၂၀၀ | ၆၉.၆၂၀၀ | ၁၉၂.၉၀၀၀ | - |
| ၂ | ကချင် | ၁၈၇ | ၂၈၄၃၉.၄၉ | ၅၇၆၀.၇၉ | ၂၂၆၇၈.၇ | - |
| ၃ | ကယား | ၅ | ၂၁၄.၇၄၈၀ | ၁၅.၀၀၀၀ | ၁၉၇.၃၃၈၀ | ၂.၄၁၀၀ |
| ၄ | ကရင် | ၁၅ | ၂၉၃.၀၈၈၀ | ၄၁.၆၃၀၀ | ၂၃၆.၃၂၀၀ | ၁၅.၁၃၈၀ |
| ၅ | ချင်း | ၃ | ၁၁.၆၄၆၀ | ၁၁.၂၂၀၀ | - | ၀.၄၂၆၀ |
| ၆ | စစ်ကိုင်း | ၁၄၂ | ၄၈၄၂၀.၆၂၈၀ | ၂၁၃၆၀.၉၇၇၀ | ၂၆၉၈၇.၃၀၆၀ | ၇၂.၃၄၅၀ |
| ၇ | တနင်္သာရီ | ၁၆ | ၃၃၃.၀၆၂၀ | ၂၆.၂၄၀၀ | ၂၇၄.၇၇၃၀ | ၃၂.၀၄၉၀ |
| ၈ | ပဲခူး | ၇၅ | ၉၇၄၃.၇၂၃၅ | ၄၃၄၃.၁၂၃၅ | ၅၃၉၇.၆၁၀၀ | ၂.၉၉၀၀ |
| ၉ | မကွေး | ၃၆ | ၃၅၆၀.၄၁၃၀ | ၅၀.၅၄၅၀ | ၃၂၀၇.၄၇၈၀ | ၃၀၂.၃၉၀၀ |
| ၁၀ | မန္တလေး | ၃၂ | ၉၅၈၅.၂၇၃၀ | ၇၅၈.၈၂၀၀ | ၇၆၀၆.၂၆၁၀ | ၁၂၂၀.၁၉၂၀ |
| ၁၁ | မွန် | ၁၀ | ၂၅၄.၀၄၅၁ | ၁၃.၀၇၄၀ | ၁၅၄.၄၈၁၁ | ၈၆.၄၉၀၀ |
| ၁၂ | ရခိုင် | ၂၀ | ၁၉၇၆.၃၆၀၀ | ၅၅၉.၂၆၀၀ | ၁၃၁၅.၃၈၀၀ | ၁၀၁.၇၂၀၀ |
| ၁၃ | ရန်ကုန် | ၂၁ | ၅၄၈.၆၅၇၀ | ၀.၇၄၇၀ | ၈၂.၆၆၂၀ | ၄၆၅.၂၄၈၀ |
| ၁၄ | ရှမ်း | ၁၄၄ | ၂၉၉၂၄.၃၇၆၀ | ၂၉၅၂.၂၇၆၀ | ၁၅၇၉၂.၉၅၀ | ၁၁၁၇၉.၁၅၀၀ |
| ၁၅ | ဧရာဝတီ | ၈၆ | ၆၇၂၁.၇၈၈၀ | ၂၀၆၁.၅၁၉၀ | ၄၆၄၇.၂၂၁၀ | ၁၃.၀၄၈၀ |
| | **စုစုပေါင်း** | **၇၉၈** | **၁၄၀၂၈၉.၈၁၇၆** | **၃၈၀၂၄.၈၄၁၅** | **၈၈၇၇၁.၃၈၀၁** | **၁၃၄၉၃.၅၉၆၀** |

၉။ ၎င်းအပြင် ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပြန်လည် အပ်နှံလာသော စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှုနှင့် လွှဲပြောင်း ပေးအပ်ရန်အတွက် ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ကျန်မြေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပြီး အဆိုပါမြေများအား သက်ဆိုင်သူများထံသို့ ဆက်လက်လွှဲပြောင်းပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် | စုစုပေါင်း စွန့်လွှတ်မြေ | | သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း | | | | လွှဲအပ်ရန် ကျန်မြေ ရေိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | | | စိုက်ပျိုးမြေ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်း | | စိုက်ပျိုးမြေမဟုတ်သော အခြားမြေများကို သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်း(ဧက) | စုစုပေါင်း လွှဲပြောင်းပြီး မြေရေိယာ(ဧက) | |
| | | အမှု | ဧက | တောင်သူ | ဧက | | | |
| ၁ | နေပြည်တော် | ၁၆ | ၁၄၉၂.၁၁၀ | ၁၈၄ | ၅၂၂.၂၅၀ | ၉၆၉.၈၆၀ | ၁၄၉၂.၁၁၀ | - |
| ၂ | ကချင် | ၆၈ | ၄၃၈၈၅.၁၆၀ | ၁၃၃၄ | ၇၄၀၂.၆၂၀ | ၃၆၄၃၅.၃၅၀ | ၄၃၈၄၇.၉၇၀ | ၃၇.၁၉၀ |
| ၃ | ကယား | ၁၁ | ၃၈၁၂.၉၂၀ | ၉၈၃ | ၃၀၁၆.၈၁၀ | ၇၉၆.၁၁၀ | ၃၈၁၂.၉၂၀ | - |
| ၄ | ကရင် | ၅၆ | ၅၃၃၇.၆၃၄ | ၃၆၄ | ၂၇၂၄.၇၇၀ | ၈၆၆.၇၆၄ | ၃၅၉၁.၅၃၄ | ၁၇၄၆.၁၀၀ |
| ၅ | ချင်း | ၁၇ | ၁၇၄၅.၅၀၀ | ၄၄၅ | ၁၅၃၇.၆၆၀ | ၁၁၀.၂၀၀ | ၁၆၄၇.၈၆၀ | ၉၇.၆၄၀ |
| ၆ | စစ်ကိုင်း | ၁၇၈ | ၅၈၄၈၃.၂၅၃ | ၃၄၂၇ | ၃၂၆၃၂.၁၁၀ | ၂၅၁၄၇.၃၁၃ | ၅၇၇၇၉.၄၂၃ | ၇၀၃.၈၃၀ |
| ၇ | တနင်္သာရီ | ၇၁ | ၇၅၆၂.၀၉၀ | ၂၈၄ | ၁၇၃၀.၀၈၅ | ၅၅၂၈.၈၄၆ | ၇၂၅၈.၉၃၁ | ၃၀၃.၁၅၉ |
| ၈ | ပဲခူး | ၁၃၃ | ၃၇၉၂၀.၆၃၈ | ၅၅၆၄ | ၂၈၆၉၈.၀၄၀ | ၈၉၆၅.၁၈၀ | ၃၇၆၆၃.၂၁၀ | ၂၅၇.၄၂၈ |
| ၉ | မကွေး | ၆၃ | ၂၂၅၇၈.၆၀၇ | ၂၇၂၅ | ၉၃၃၇.၆၃၀ | ၁၃၂၄၀.၉၇၇ | ၂၂၅၇၈.၆၀၇ | - |
| ၁၀ | မန္တလေး | ၉၄ | ၃၅၃၈၂.၇၀၉ | ၃၈၀၄ | ၁၅၄၂၅.၉၀၄ | ၁၉၃၉၇.၀၈၄ | ၃၄၈၂၂.၉၈၈ | ၅၅၉.၇၂၁ |
| ၁၁ | မွန် | ၁၃၈ | ၁၆၈၃၄.၆၉၅ | ၆၂၈ | ၁၄၂၉၅.၁၂၀ | ၂၃၇၄.၈၇၄ | ၁၆၆၆၉.၉၉၄ | ၁၆၄.၇၀၁ |
| ၁၂ | ရခိုင် | ၂၉၀ | ၂၈၁၀၃.၅၁၀ | ၄၁၃၅ | ၁၃၅၄၀.၁၆၀ | ၁၄၅၆၃.၃၅၀ | ၂၈၁၀၃.၅၁၀ | - |
| ၁၃ | ရန်ကုန် | ၁၀၈ | ၈၇၉၁.၂၀၇ | ၃၅၄ | ၃၂၅၂.၆၅၁ | ၂၇၇၀.၀၈၄ | ၆၀၂၂.၇၃၅ | ၂၇၆၈.၄၇၂ |
| ၁၄ | ရှမ်း | ၂၄၉ | ၆၄၁၈၅.၆၇၁ | ၆၀၃၄ | ၂၅၅၇၅.၃၆၉ | ၃၈၃၀၀.၀၉၂ | ၆၃၈၇၅.၄၆၁ | ၃၁၀.၂၁၀ |
| ၁၅ | ဧရာဝတီ | ၂၅၄ | ၉၃၇၂၉.၅၈၉ | ၁၀၀၆၄ | ၈၃၆၂၉.၄၀၄ | ၁၀၁၀၀.၁၈၅ | ၉၃၇၂၉.၅၈၉ | - |
| | စုစုပေါင်း | ၁၇၄၆ | ၄၂၉၈၄၅.၂၉၃ | ၄၀၃၂၉ | ၂၄၃၃၃၀.၅၈၃ | ၁၇၉၅၆၆.၂၆၉ | ၄၂၂၈၉၆.၈၄၂ | ၆၉၄၈.၄၅၁ |

၁၀။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလက်ထက် (၅/၂၀၁၆)မှ (၃၀-၁၁-၂၀၁၇)ထိ စွန့်လွှတ်မြေ စုစုပေါင်း ဧရိယာ ၁၄၀ ၂၈၉.၈၁၇၆ ဧကနှင့် ယခင် အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် စွန့်လွှတ်မြေစုစုပေါင်း ဧရိယာ ၄၂၉၈၄၅.၂၉၃ ဧက၊ ကော်မတီနှစ်ရပ်ပေါင်း စွန့်လွှတ်မြေစုစုပေါင်းဧရိယာ ၅၇၀၁၃၅.၁၁၀၆ ဧကဖြစ်ပါသည်။

၁၁။ ယခင်အစိုးရလက်ထက်တွင် သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ရန် ကျန်မြေများနှင့် ယခု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လက်ထက် သက်ဆိုင်သူများသို့ လွှဲပြောင်းပေးရမည့် မြေများအား သက်ဆိုင်သူများထံသို့ အမြန်ဆုံး ရောက်ရှိရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကာယကံရှင်များအား ပြန်လည်ပေးအပ်ပွဲအခမ်းအနားများဖြင့် လွှဲပြောင်းပေးအပ်ဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတကိုယ်တိုင် ပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပေးအပ်လျက်ရှိရာ အောက်ပါအတိုင်း လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | (၅/၂၀၁၆)မှ (၃၀-၁၁-၂၀၁၇)အတွင်း စွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်စာရင်း | | မှတ်ချက် |
|---|---|---|---|---|
| | | တောင်သူ | ဧက | |
| ၁ | နေပြည်တော် | ၆၀ | ၁၈၄.၉၃ | ပြည်နယ်အစီအစဉ်ဖြင့် ပေးအပ် |
| ၂ | ကချင် | ၅၀ | ၃၂၆.၉၁၆ | ပြည်နယ်အစီအစဉ်ဖြင့် ပေးအပ် |
| ၃ | ကရင် | ၁၃၇ | ၇၉၀.၅၆၀ | ဒုတိယသမ္မတ တက်ရောက်လွှဲပြောင်းပေးအပ်၊ ပြည်နယ်အစီအစဉ်ဖြင့်ပေးအပ် |
| ၄ | စစ်ကိုင်း | ၂၂၀ | ၃၈၈၁.၀၀၀ | ဒုတိယသမ္မတ တက်ရောက်လွှဲပြောင်းပေးအပ် |
| ၅ | တနင်္သာရီ | ၉ | ၃၀.၄၀၅ | ပြည်နယ်အစီအစဉ်ဖြင့် ပေးအပ် |
| ၆ | ပဲခူး | ၂ | ၃.၁၆၃ | ပြည်နယ်အစီအစဉ်ဖြင့် ပေးအပ် |
| ၇ | မကွေး | ၂၁၂ | ၈၇၁.၇၂၀ | ဒုတိယသမ္မတ တက်ရောက်လွှဲပြောင်းပေးအပ်၊ ပြည်နယ်အစီအစဉ်ဖြင့်ပေးအပ် |
| ၈ | မန္တလေး | ၅၉၁ | ၁၈၃၈.၁၀၀ | ဒုတိယသမ္မတ တက်ရောက်လွှဲပြောင်းပေးအပ်၊ ပြည်နယ်အစီအစဉ်ဖြင့်ပေးအပ် |
| ၉ | မွန် | ၁၅၁ | ၅၂၆.၈၉၃ | ဒုတိယသမ္မတ တက်ရောက်လွှဲပြောင်းပေးအပ်၊ ပြည်နယ်အစီအစဉ်ဖြင့်ပေးအပ် |
| ၁၀ | ရှမ်း | ၂၀၂ | ၅၉၃.၈၃၀ | ပြည်နယ်အစီအစဉ်ဖြင့်ပေးအပ် |
| | **စုစုပေါင်း** | **၁၆၃၄** | **၉၀၄၇.၅၁၇** | |

၁၂။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်သည် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အစီအစဉ်ဖြင့် လုပ်ငန်းများပိုမိုမြန်ဆန်စေရန် သီးခြားရုံးများ ထားရှိဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီဝင်များနှင့် ရုံးအဖွဲ့များအား လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားစေရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သင်တန်းပြုလုပ်မှုအကြိမ်ရေ ၁၃၅ ကြိမ်၊ သင်တန်းသားဦးရေ ၁၉၈၃၈ ဦးနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု အကြိမ်ရေ ၈၉ ကြိမ်၊ တက်ရောက်သူဦးရေ ၁၃၁၅၃ ဦးဖြင့် ကျင်းပပြုလုပ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သောသင်တန်းများတွင် မြေယာကိစ္စများနှင့် သက်ဆိုင်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုသိရှိစေရန်အတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် ထမ်းဆောင်နေသောဝန်ထမ်းများကို တက်ရောက်စေလျက်ရှိပါသည်။

၁၃။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ် နစ်နာသူပြည်သူများအနေဖြင့် မိမိတို့ သိမ်းဆည်းခံခဲ့ရသည့်မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင်ပါဝင်ခြင်းရှိ/မရှိ သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီရုံးများတွင်စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၄။ မြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှု မရှိကြောင်း ထင်မြင်ယူဆမှုရှိ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးနှင့် ဗဟိုကော်မတီသို့ အကြံပြုချက်များ ပေးပို့တင်ပြလာပါက အလေးထား ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်စိစစ်ရရှိလာသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်း ပေးအပ်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ**
**ပြန်လည်စိစစ်ရေးဗဟိုကော်မတီ**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကလိန်အောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခန့်က ရေဖြူမြို့နယ် ကလိန်အောင်မြို့ မလွဲတောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဇင်လင်းငြိမ်း မောင်းနှင်ပြီး ရဲနိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁)ရပ်ကွက်ကြီး အမှတ်(၁၄) ထုံးဘိုရပ်နေ မအေးဆွေ(ခ) မရှောက်ရီ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူ အလေးချိန် ၃၁၆ ဒသမ ၄ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၆၀၊ ငွေကျပ် ငါးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု မုံပင်ကျေးရွာ မိုင်တိုင်အမှတ် (၄၀/၇ နှင့် ၄၀/၆)ကြား တောင်ကြီး - ရန်ကုန် ကားလမ်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မနာမီးရှဲနှင့် မနာအီတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀၊ ငွေကျပ် ၁၁၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ယင်းနောက် ည ၁၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် တာချီလိတ်-မိုင်းဆတ်ကားလမ်း ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံ(အပေါ်) ကျေးရွာအဝင်၌ လော်ဆော့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ငါးတုံး (အလေးချိန် ၁ ဒသမ ၇၅ ကီလို)၊ ထိုင်းဘတ်ငွေ ၁၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ် ကျေးရွာအုပ်စု ဖားမိုက်ကျေးရွာ တောင်ယာသွား ကားလမ်းတွင် အားဒိုမောင်းနှင်ပြီး အားဂျူး၊ အားဘော၊ အားဆင်းနှင့် အားဂျိုးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉ ပြား၊ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ယင်းကျည် ၄၇ တောင့်၊ ကျည်အိမ်တစ်ခုနှင့် တူမီးသေနတ်သုံးလက်တို့ကို လည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင် ၄ မိုင် ပူးပေါင်းစစ်ဆေးရေး စခန်းတွင် သုခ မောင်းနှင်ပြီး အောင်မြင့်(ခ)အားချန် လိုက်ပါလာသည့် မော်တော် ဆိုင်ကယ်ကိုရှာဖွေရာ သုခ ထံမှ ဘိန်းစိမ်း ၅၀၀ ဂရမ်နှင့် အောင်မြင့်(ခ)အားချန်ထံမှ ဘိန်းစိမ်း ၈၀၀ ဂရမ်တို့ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အောင်မြင့်(ခ)အားချန်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းဆီခဲ ၁၀၀ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မနာမီးရှဲနှင့် မနာအီတို့အား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျောတွင် စက်တပ်ထားသော လင်းယုန်တစ်ကောင် မင်းကင်းမြို့နယ် သာစည်ကျေးရွာတွင် ဖမ်းမိ

**မင်းကင်း ဒီဇင်ဘာ ၆**

ကျောတွင်စက်တပ်ထားသော လင်းယုန်တစ်ကောင်ကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သာစည်ကျေးရွာတွင် ဒီဇင်ဘာ ၆ရက် နံနက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

"ဒီမနက်ရွာနားက ကောက်ရိုးပုံမှာလာနားစဉ် ရွာသားတစ်ဦးက လေးခွနဲ့ ပစ်ဖမ်းလိုက်တာပါ၊ ဘာကြောင့် စက်တပ်ထားတယ်၊ ဘာစက်ဆိုတာကိုတော့ မသိပါဘူး"ဟု မင်းကင်းဒေသခံ ကိုကျော်မျိုးလင်းက ပြောသည်။

လင်းယုန်၏ကျောတွင် စက်တပ်ဆင်ထားသည့်အပြင် ခြေထောက်တွင်လည်း အမှတ်စဉ်ပါသည့် သံကွင်းတစ်ခု တပ်ဆင်ထားကြောင်း သိရသည်။

မင်းကင်းမြို့နယ် တောင်တွင်းချောင် ၃၆ ရွာမှ တစ်ရွာ အပါအဝင်ဖြစ်သည့် သာစည်ရွာ၏အပြင်ဘက် ကောက်ရိုးပုံပေါ်နားနေစဉ် လင်းယုန်ငှက်ကို ရွာသားတစ်ဦးက လေးခွဖြင့်ပစ်ပြီး အသက်ရှင်လျက်ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**




# မူဆယ်သွားမည့် ခရီးသည်ယာဉ်ပေါ်မှ အမဲသားခြောက်များဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၇ စီး၊ သွင်းကုန် အစီး ၉၅၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၀၉၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၀၃ သန်းခန့် စုစုပေါင်း တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၉၉၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၅ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ပိဿာ ၁၆၅၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**



# ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်တွင် ငါးဖမ်းရေယာဉ်နစ်မြုပ် ၁၅ ဦး ဆယ်ယူရရှိပြီး ငါးဦး ပျောက်ဆုံးလျက်ရှိ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်ရှိ ရတနာရေနံစင်၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ငွေပင်လယ် (၁၅၇)ကမ်းဝေး ငါးဖမ်းရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့သည်။ အဆိုပါ ငါးဖမ်းရေယာဉ်တွင် ရေလုပ်သား ၂၀ လိုက်ပါပြီး ၁၅ ဦးကို ဆယ်ယူရရှိထားကြောင်း၊ ငါးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ဆယ်ယူရရှိထားသူများအနက် တစ်ဦးမှာ ကျန်းမာရေးအခြေအနေ စိုးရိမ်ရကြောင်း သိရသည်။

နစ်မြုပ် ငါးဖမ်းရေယာဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် နေထိုင်သော ဦးရဲလင်းထွန်း ပိုင်ဆိုင်သည့် ရွှေဇင်ယော်ဟိန်းကုမ္ပဏီမှ ငါးဖမ်းရေယာဉ်ဖြစ်ပြီး လှေဦးစီး(ပဲ့နင်း)မှာ ဦးတင်စိုး ဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်တွင် နစ်မြုပ်လျက်ရှိသော ငါးဖမ်းရေယာဉ်အား ဒေသခံငါးဖမ်းရေယာဉ်တစ်စင်း၏ သတင်းပေးပို့ချက်အရ တပ်မတော်ရေယာဉ်က ယင်းနေ့တွင် အခင်းဖြစ်ရာနေရာသို့ မောင်းနှင်လာခဲ့ပြီး ရှာဖွေကယ်ဆယ်ရေး ပြုလုပ်နေသော ရွှေဇင်ယော်ဟိန်းကုမ္ပဏီပိုင် ငါးဖမ်းရေယာဉ်များနှင့် ဆက်သွယ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နစ်မြုပ်ငါးဖမ်းရေယာဉ်မှ ဆယ်ယူရရှိထားသော ရေလုပ်သား ၂၀ ဦး တစ်ဦးမှာ ကျန်းမာရေးအခြေအနေ စိုးရိမ်ရသဖြင့် ၎င်းတို့ ကုမ္ပဏီပိုင်စန်းဝေဝေလွင်(၃)အမည်ရှိ ငါးဖမ်းရေယာဉ်ဖြင့် ရေလုပ်သားများကိုတင်ဆောင်၍ ဖျာပုံမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ရေယာဉ်နှင့်အတူ ရွှေဇင်ယော်ဟိန်းကုမ္ပဏီပိုင် ငါးဖမ်းရေယာဉ် ငါးစီးတို့က ပျောက်ဆုံးရေလုပ်သားများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

**မွေးသက္ကရာဇ်မှန်**

တာမွေမြို့နယ် အထက(၁) ဒသမတန်းမှ ဦးလှဝိုး (၁၂/ရပသ(နိုင်)၀၆၅၀၅၀) ၏ သမီးဖြစ်သူ မရွှေသူတိုး၏ မွေးသက္ကရာဇ်မှန်မှာ (၁၃-၃-၂၀၀၁) ဖြစ်ပါကြောင်း။

(၁၃-၃-၂၀၀၁)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သက်နိုင်ထွန်း ၁၃/တကန(နိုင်)၂၄၆၀၃၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၈၀၄၃၁၃၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၅၄/ည တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆အယ်လ်)၊ မြေကွက်အမှတ်(၁၁၁ပီ)နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃၆ကေ)၊ မြေကွက်အမှတ်(၁၁၁အမ်/၂-၃ဒီ)၊မြေကွက်(၂)ကွက်၊ မြေပိုင် မြေ၊ အမည်ပေါက် ဒေါ်စိန်တင့် ၁၂/ဗဟန(နိုင်)၀၄၇၄၁၃မှ အမည်ပေါက်စာချုပ်ဖြစ်သော ပိုင်ဆိုင်စာချုပ်အမှတ် (၁၁၄၂/၉၅)နှင့် အမှားပြင်စာချုပ်အမှတ် (၁၁၄၁/၉၅) (စာချုပ်ရုံးလက်ခံအမှန်) တို့တင်ပြ၍ ဘဏ်ချေးရန်မြေပုံကူး လျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**တမူးခရိုင်၊ တမူးမြို့**
**၄/၂၀၁၇ ပစ္စည်းတင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်နေရာအရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ကတ္တရာ(၆၀/၇၀) |
| ၂။ | ကတ္တရာ(၈၀/၁၀၀) |
| ၃။ | ဒီဇယ်ဆီ |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၂-၂၀၁၇ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးခရိုင်
**တင်ဒါနောက်ဆုံးတွင်သွင်း ရမည့်ရက်/အချိန်/နေရာ** - ၉-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးခရိုင်

၂။ အသေးစိတ်သိရှိပါက တမူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် လာရောက် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တမူးမြို့**
**ဖုန်း-၀၇၃-၄၀၀၀၈**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/9720 Toyota Celsior UCF 31 S/L (4x2)R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမင်းကြည် ၁၂/ရကန(နိုင်)၀၅၀၀၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်နေ ဦးထွန်းရွှေ-ဒေါ်အုံးမြိုင်တို့၏ သားသမီးများဖြစ်ကြသော ဦးဝင်းတင်[၁၂/လကန(နိုင်)၀၂၈၀၂၇]၊ ဦးထိန်လင်း[၁၂/မဂဒ(နိုင်)၀၃၀၆၄၆]၊ ဒေါ်မြင့်ကြည်[၇/ညလပ(နိုင်)၀၈၃၈၅၁]၊ ဒေါ်မာလာကြည်[၇/ညလပ(နိုင်)၀၈၃၄၀၅]၊ ဒေါ်မာလာရီ[၇/ညလပ(နိုင်)၀၈၃၆၄၁]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါကိစ္စရပ်များကို အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ သမစိတ္တလမ်း(တောင်ပိုင်း)၊ အိမ်အမှတ်(၇၆)၊ ပေ(၂၀ × ၆၀) ကျယ်ဝန်းသည့် ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃ × ၅)ပင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ အုတ်ကြွပ်မိုး၊ ခြေတံရှည်(၁)ထပ်၊ နေအိမ်အဆောက်အအုံ (၁)လုံး အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အထက်အမည်ပါ ကြေညာသူများ၏ မိသားစုပိုင်နေအိမ်ခြံမြေဖြစ်ပြီး လွန်ခဲ့သော နှစ်(၆၀)ခန့်ကတည်းမှ ယနေ့အချိန်အထိ အစဉ်အဆက် တရားဝင်လက်ရှိထား နေထိုင်ပိုင်ဆိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

အထက်အမည်ပါ ကြေညာသူများ၏ ကွယ်လွန်သူမိဘများဖြစ်သော ဦးထွန်းရွှေ-ဒေါ်အုံးမြိုင်တို့တွင် ဦးဝင်းတင်၊ ဦးသောင်းဝင်း၊ ဦးထိန်လင်း၊ ဒေါ်မြင့်ကြည်၊ ဦးအောင်နိုင်၊ ဒေါ်မာလာကြည်၊ ဦးမင်းနိုင်၊ ဒေါ်မာလာရီ ဆိုသည့် သားသမီး(၈)ဦး ထွန်းကားခဲ့သည့်အနက် ဦးသောင်းဝင်း၊ ဦးအောင်နိုင်၊ ဦးမင်းနိုင်တို့မှာ ယခုအချိန်တွင် အိမ်ထောင်မရှိ ကွယ်လွန်သွားခဲ့ကြပြီ ဖြစ်ပါသည်။

ယင်းသို့ဖြစ်ရာ အထက်ဖော်ပြပါ နေအိမ်ခြံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထက်အမည်ပါကြေညာသူများမှ ဝယ်ယူသူများထံသို့ တရားဝင်လက်ရောက်လွှဲပြောင်း ရောင်းချတော့မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ၌ ကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမည်သည်များထံသို့ဖြစ်စေ ခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ နေအိမ်ခြံမြေ၏ အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထင်လင်းစိုး(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၄၁၉၂၅)**
**အမှတ်(၇)၊ ကြားတောရ(၁)လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့၊**
**ဖုန်း-၀၉-၄၂၈၂၀၈၆၆၈**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5J/1086 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ဃ/၄၉၈၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဦးကျော်စွာဦး ၁၂/မဘန(နိုင်) ၀၈၁၈၉၂ အားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဦးမြင့်ဦး ၃/ဘအန(နိုင်)၀၁၇၆၃၃-ဒေါ်ခင်နွဲ့ကြည် (ကွယ်လွန်)တို့၏ သားဖြစ်သူ ဦးကျော်စွာဦးသည် လွန်ခဲ့သော (၁၁)နှစ်ခန့်က မိဘ၊ ဆွေမျိုးများ သဘောမတူသူနှင့် အိမ်ထောင်ပြုသွားသောကြောင့် မိဘဆွေမျိုးများက ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိပါ။ ထို့ကြောင့် ၎င်းတို့ဇနီးမောင်နှံပြုလုပ်သော ကိစ္စရပ်များ၊ ပြဿနာများကို ဖခင်ကြီးအပါအဝင်မောင်နှမသားချင်းများက သိရှိပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း လုံးဝမရှိပါ။ ၎င်းတို့ဇနီးမောင်နှံ၏ ပြဿနာများ၊ ကိစ္စရပ်များနှင့် ပတ်သက်၍ ဖခင်ကြီးနှင့်တကွ ဆွေမျိုးများက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဦးမြင့်ဦးအပါအဝင် ဆွေမျိုးသားချင်းများ ဂုဏ်သိက္ခာကို မည်သည့်နည်းဖြင့်မဆို ထိခိုက်စော်ကား ကျဆင်းအောင်ပြုမူလာပါက ပြုလုပ်သူကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် ဦးကျော်စွာဦးသည် မိသားစု မောင်နှမဆွေမျိုးသားချင်းများအား ဂုဏ်သိက္ခာကျဆင်းစေသည့် ပြဿနာများကို ဖြစ်ပေါ်စေသောကြောင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြင့်ဦး၏လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း (၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၁-၅၃၀၁၉၀**







## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုနှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၀ လက်မဖြစ်သည်။ **မိုး/ဇလ**

## နိုင်ငံတကာ ဘောလုံးလောက သတင်းတိုများ

- လာမည့် တနင်္ဂနွေနေ့၌ ပရီမီယာလိဂ်တွင် ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာ ဒါဘီပွဲစဉ်တွင် မိုဗစ်မှာ ကြွံ့ခိုင်မှုပြည့်ဝပြီး ပါဝင်ကစားရန် အခွင့်အရေးတစ်ရပ်ရှိကြောင်း နည်းပြ မော်ရင်ညိုက ဆိုသည်။
- ချယ်လ်ဆီးတိုက်စစ်မှူး အီဒင်ဟာဇက်က ၎င်း၏အသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းကို သရေကျခဲ့ပြီး အုပ်စုပထမနေရာနှင့် လွဲချော်ခဲ့ပြီးနောက် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း သို့မဟုတ် ဘာစီလိုနာအသင်းတို့နှင့် ရင်ဆိုင်ရပါက ကြောက်ရွံ့နေမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ "ပီအက်စ်ဂျီနဲ့ ဘာစီလိုနာက အလွန်ကောင်းတဲ့အသင်းပါ၊ ကျွန်တော်တို့ကလည်း ထိပ်တန်းအသင်းတစ်သင်းပါပဲ၊ ပြီးတော့ ဘယ်အသင်းနဲ့မဆိုယှဉ်ပြိုင်နိုင်ပါတယ်" ဟု ထပ်လောင်းပြောကြားခဲ့သည်။
- ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ကိုဗာဆစ်က ယခုနှစ်ရာသီတွင် ဂိုးများစွာ သွင်းယူနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ကမ္ဘာ့အကောင်းဆုံးဆုကိုလည်း ၎င်း၏ အသင်းဖော် စီရော်နယ်ဒို ရရှိလိမ့်မည်ဖြစ်ကြောင်း ထောက်ခံပြောကြားခဲ့သည်။ စီရော်နယ်ဒိုသည် လာလီဂါ ၁၀ ပွဲတွင် နှစ်ဂိုးသာ သွင်းယူထားပြီး ချန်ပီယံလိဂ်တွင် ရှစ်ဂိုး သွင်းယူပေးထားသည်။

**ဇော်ဇော်**

# ၂၀၁၈ အာရှ ချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့ နေ့လယ်ပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်သည် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲတွင်မူ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့မှာ အုပ်စုအဆင့်မှ စတင်ကစားရမည် ဖြစ်သည်။

အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြိုခြေစစ်ပွဲ ပထမအဆင့်ကို ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်လိဂ်ပြိုင်ပွဲ ချန်ပီယံအသင်းနှင့် ကစားရမည်ဖြစ်သည်။ ယင်းပွဲကို ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းလက်ခံကစားခွင့်ရမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဖိလစ်ပိုင်လိဂ်ပြိုင်ပွဲမှာ ဒီဇင်ဘာလ တတိယပတ်တွင် ပြီးဆုံးမည်ဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးမှသာ တွေ့ဆုံမည့်အသင်း ထွက်ပေါ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအဆင့်တွင် အနိုင်ရပါက ဒုတိယအဆင့်တွင် သြစတြေးလျကလပ်၊ Play-off အဆင့်တွင် တရုတ်ကလပ်တို့နှင့် ဆက်လက်ကစားရမည်ဖြစ်ကာ အနိုင်ရမှသာ နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှချန်ပီယံလိဂ်တွင် ခြေစစ်ပွဲအောင်ခဲ့ပါက MNL ပြိုင်ပွဲတွင် တတိယရခဲ့သည့် ရတနာပုံအသင်းက AFC Cup ပြိုင်ပွဲတွင် အစားထိုးယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ AFC Cup ပြိုင်ပွဲအုပ်စုများကို ဇုန်အလိုက် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများမှာ အာဆီယံဇုန်တွင်ပါဝင်ကာ အုပ်စုသုံးခုပါဝင်မည်ဖြစ်သည်။ အာဆီယံဇုန် အုပ်စု (F) တွင် ဖိလစ်ပိုင်လိဂ်အဆင့် (၁)၊ (၃)နေရာရအသင်း၊ ဟုမ်းယူနိုက်တက် (စင်ကာပူ)၊ ရှမ်းယူနိုက်တက်/ ရတနာပုံ(မြန်မာ)၊ Play-off အနိုင်ရအသင်း၊ အုပ်စု (G) တွင် ဘာလီယူနိုက်တက်/ မာဒူရာယူနိုက်တက် (အင်ဒိုနီးရှား)၊ ဖိလစ်ပိုင်လိဂ်အဆင့် (၂) နေရာရအသင်း၊ ထန်ဟွာ/ ဟန္နိုင်း (ဗီယက်နမ်)၊ ရန်ကုန် (မြန်မာ)၊ အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ/ဂေးလန်း (စင်ကာပူ)၊ ပါဆီဂျာ (အင်ဒိုနီးရှား)၊ ဂျိုဟိုးဒါရူးလ်/ဆီလန်ဂေါ (မလေးရှား)၊ ဆောင်လန်းငယ်အန် (ဗီယက်နမ်) တို့ ပါဝင်နေသည်။ အုပ်စုအနေအထားအရ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအနည်းငယ်ချောင်သော်လည်း ရန်ကုန်အသင်းမှာမူ အင်ဒိုနီးရှား၊ ဗီယက်နမ်ကလပ်အသင်းများ ပါဝင်နေသောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စုတွင် ကျရောက်မည့် Play-off အဆင့်တွင် ကမ္ဘောဒီးယားနှင့် လာအို ကလပ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းမှာ အိမ်ကွင်းအဖြစ် သုဝဏ္ဏကွင်းကို အသုံးပြုမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

**ညီမြတ်သော်တာ**

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်ရောက်သည့် အသင်းအချို့ထွက်ပေါ်

ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စု လေးအုပ်စု၏ နောက်ဆုံးပွဲစဉ်ကို ဒီဇင်ဘာ ၆ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ ၁၆ သင်းအဆင့်သို့ တက်ရောက်သွားသောအသင်းများ ထွက်ပေါ်ခဲ့သည်။

အုပ်စု (A) ၌ ဘင်ဖီကာသည် ဘေဆယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် စီအက်စ်ကေအေကို အနိုင်ရရှိခဲ့သည်။ နောက်တစ်ဆင့်သို့ မန်ယူက အုပ်စုပထမ၊ ဘေဆယ်က အုပ်စုဒုတိယဖြင့် တက်ရောက်သွားသည်။

အုပ်စု (B) ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်က ပီအက်စ်ဂျီကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အန်ဒါလက်ချ်က ဆဲလ်တစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ပီအက်စ်ဂျီက အုပ်စုပထမနှင့် ဘိုင်ယန်မြူးနစ်က အုပ်စုဒုတိယ ရရှိသည်။

အုပ်စု (C) ၌ ချယ်လ်ဆီးနှင့် အက်သလက်တီကိုပွဲမှာ တစ်ဂိုးစီသရေကျခဲ့ပြီး ရိုးမားက တစ်ဂိုး-ဂိုးမရှိဖြင့် ကာရာဘတ်ကို အနိုင်ရရှိခဲ့ရာ ရိုးမားက အုပ်စု ပထမ၊ ချယ်လ်ဆီးက ဒုတိယ ရရှိသည်။

အုပ်စု (D) ၌ ဘာစီလိုနာက စပို့တင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဂျူဗင်တပ်စ်က အိုလံပီယာကို့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာက အုပ်စုပထမနှင့် ဂျူဗင်တပ်စ်က အုပ်စုဒုတိယရရှိကာ ၁၆ သင်းအဆင့် တက်ရောက်သွားသည်။ **သီဟ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၇-၁၁-၂၀၁၇ရက်တွင် ကျင်းပပြုလုပ်သော CEC အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ်(ဂ)အရ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (မန္တလေး)အသင်းအား ညီနောင်အသင်းအဖြစ်အတည်ပြုခံရခြင်းအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (မန္တလေး) ယခုထက်ပို၍ နှောင်နှစ်ပေါင်းများစွာ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)**



# ရုရှားကို ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်ပင်

**မော်စကို ဒီဇင်ဘာ ၆**

နိုင်ငံတကာ အိုလံပစ်အားကစားပြိုင်ပွဲကော်မတီက ရုရှားနိုင်ငံကိုယ်စားပြု အိုလံပစ်အဖွဲ့အား တောင်ကိုရီးယားနိုင်ငံရှိ Pyeong-chang ဆောင်းရာသီအိုလံပစ် အားကစားပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်လိုက်ကြောင်း သိရသည်။

အိုလံပစ်ကော်မတီက ရုရှားသည် ဆိုချီ၌ ပြုလုပ်သည့်အားကစားပြိုင်ပွဲ၌ မူးယစ်ဆေးဝါးဆန့်ကျင်သည့်စနစ်ကို စနစ်တကျ ကြိုးကိုင်စီမံခဲ့သည်ဟူသော သက်သေအထောက်အထားများတွေ့ရှိခဲ့ရသည့်အတွက် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ခွင့်ကို ပိတ်ပင်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ (IOC)သည် အင်္ဂါနေ့က ဆွစ်ဇာလန်နိုင်ငံ လော့ဆန်နီတွင် ပြုလုပ်သည့် အိုလံပစ်ကော်မတီ ဘုတ်အဖွဲ့အစည်းအဝေးတွင် ယင်းဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ရုရှားသည်နိုင်ငံအတွင်း၌ မူးယစ်ဆန့်ကျင်သည့်စနစ်ကို ကျွမ်းကျင်စွာစီမံ၍ ဖုံးကွယ်မှုပြုလုပ်နေကြောင်း အိုင်အိုစီအဖွဲ့က ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် IOC ဥက္ကဋ္ဌ သောမတ်စ်ဘက်ခ်ျက အိုလံပစ်ကော်မတီသည် ရုရှားအိုလံပစ်ကော်မတီကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်သည် ချက်ချင်းသက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားမှ အိုလံပစ်ကစားသမားများဟူသော ကန့်သတ်ချက်အောက်တွင် အချို့သော တစ်ဦးချင်းအားကစားသမားအချို့တို့ကို တင်းကျပ်သောစည်းမျဉ်းအခြေအနေများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

ကမ္ဘာ့မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေး အေဂျင်စီက ရုရှားနိုင်ငံအတွင်း မူးယစ်ဆေးဝါးကို ကမကထပြုလုပ်ဆောင်ရွက်ပေးနေသည်ဟု သတင်းပေးပို့ခဲ့ပြီးနောက်တွင် IOC စည်းကမ်းကြပ်မတ်မှုကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ရိုက်တာ**

# အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဘီဝမ်းဘီ ဗုံးကြဲလေယာဉ်များ ပူးပေါင်းပါဝင်လာ

**ဆိုးလ် ဒီဇင်ဘာ ၆**

အမေရိကန် ဘီဝမ်းဘီ ဗုံးကြဲလေယာဉ် တစ်စင်းသည် ဗုဒ္ဓဟူးနေ့တွင် အမေရိကန်နှင့် တောင်ကိုရီးယား အကြီးအကျယ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မှုတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားနှင့် အမေရိကန် ပြည်ထောင်စုတို့ တင်းမာမှုမြင့်တက်နေချိန်တွင် မြောက်ကိုရီးယားက ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီးယားစစ်ပွဲဖြစ်ပွားလာအောင် တွန်းပို့နေခြင်းဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

ဗုံးကြဲလေယာဉ်သည် အမေရိကန်က အုပ်ချုပ်သည့် နယ်နိမိတ်ဖြစ်သည့် ဂူအမ်မှ ပျံသန်းလာခဲ့ပြီး အမေရိကန် အက်ဖ် ၂၂ နှင့် အက်ဖ် ၃၅ တိုက်လေယာဉ်တို့ နှစ်စဉ်ပုံမှန် ပြုလုပ်မြဲဖြစ်သည့် စစ်ရေးလေ့ကျင့်မှုအတွင်း ပူးပေါင်းပါဝင်လာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းသည် နည်းပညာကို အမြင့်ဆုံးဆန်းသစ်ထားသည့် တိုက်ချင်းပစ်ဒုံးကျည်များကို အမေရိကန်ကုန်းမြေပေါ်ရောက်ရှိနိုင်သော စမ်းသပ်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက်တွင် ယင်းစစ်ရေးလေ့ကျင့်မှုပေါ်ထွက်လာခြင်း ဖြစ်သည်။ ဗုံးကြဲလေယာဉ်ပျံသန်းမှုနှင့် ပတ်သက်၍ မေးမြန်းရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂမ်ရှောင်က သက်ဆိုင်ရာအဖွဲ့အစည်းများသည် ကန့်သတ်ချက်များကို ဆက်လက် ထိန်းသိမ်းထားနိုင်ပြီး ကိုရီးယားကျွန်းဆွယ်ပေါ်တွင် တင်းမာမှုများမြင့်တက်လာစေမည့် အရာမှန်သမျှကို မလုပ်အောင် ထိန်းချုပ်နိုင်ရန် ၎င်းတို့က မျှော်လင့်ကြောင်း ပေကျင်းရှိ ပုံမှန်သတင်းထုတ်လွှင့်မှုတွင် ပြောဆိုခဲ့သည်။

မြောက်ကိုရီးယားသည် တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန်တို့ကို ဖျက်ဆီးပစ်မည်ဟု ပုံမှန်ခြိမ်းခြောက်နေပြီး ၎င်း၏ နိုင်ငံပိုင် ကိုရီးယားသတင်းအေဂျင်စီက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် စစ်ရေးလေ့ကျင့်မှုများ ခင်းကျင်းလာခြင်းအားဖြင့် နျူကလီးယားစစ်ပွဲဖြစ်ပွားအောင် တောင်းဆိုလျက်ရှိနေကြောင်း ဖော်ပြခဲ့သည်။

**ရိုက်တာ**






# အီလီနွိုက်တွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ လူနှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်နိုင်ငံအလယ်ပိုင်း အီလီနွိုက်ပြည်နယ်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူနှစ်ဦးသေဆုံးပြီး အခြားလူနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မကြာသေးမီတွင် ပြောခဲ့သည်။

ချီကာဂိုမြို့ အနောက်ဘက် ၁၆၀ ကီလိုမီတာအကွာခန့် လီစီရင်စုအတွင်းရှိ လယ်ကွင်းတစ်ခုထဲတွင် လယ်သမားများက နွံနစ်နေသည့် လယ်ထွန်စက်တစ်စီးကို ဆွဲတင်ရန်ကြိုးစားစဉ် မြေအောက်ရှိ ဓာတ်ငွေ့လိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း လီစီရင်စု ပြောရေးဆိုခွင့်ရှိသူ ရှာရစ်ဖ်ဂျွန်ဆိုင်မွန်တန်က ပြောခဲ့သည်။

ဓာတ်ငွေ့လိုင်းပေါက်ကွဲမှုကြောင့် လူနှစ်ဦးမှာနေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ယခုထပ်မံသိရှိသော နောက်ဆုံးသတင်းအရ ဒဏ်ရာရရှိသူ နှစ်ဦးစလုံးမှာ အခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် ဓာတ်ငွေ့လိုင်းသည် အကျယ် ၅၀ စင်တီမီတာရှိပြီး နိုင်ငံတစ်လျှောက် ဓာတ်ငွေ့ဖြန့်ဖြူးပေးနေသော ပိုက်လိုင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပိုက်လိုင်းကို များသောအားဖြင့် မြေအောက် အနက် ၁ ဒသမ ၂ မီတာမှ ၁ ဒသမ ၅ မီတာတွင် မြှုပ်ထားလေ့ရှိကြောင်း သိရသည်။

ယခုအခါတွင် အဆိုပါမတော်တဆမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ထရီဆာမေကို လုပ်ကြံရန်ကြံစည်သူနှစ်ဦးကို ရဲများက ဖမ်းဆီးနိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၆**

လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းရှိ ဗြိတိန်ဝန်ကြီးချုပ်အိမ်တော်တွင် ဝန်ကြီးချုပ် ထရီဆာမေအား လုပ်ကြံရန် ကြိုးပမ်းသူ အကြမ်းဖက်သမားနှစ်ဦးကို ဗြိတိန်နိုင်ငံရဲတပ်ဖွဲ့ဝင်များက ယမန်နေ့က ဖမ်းဆီးလိုက်ကြောင်း ဗြိတိန်သတင်းစာများတွင် ရေးသားဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့က အသက် ၂၀နှင့် ၂၁နှစ်ရှိ လူနှစ်ဦးကို အကြမ်းဖက်မှုလုပ်ဆောင်ရန် ကြံစည်မှုဖြင့် ဖမ်းဆီးပြီးနောက် ၎င်းတို့ နှစ်ဦးကို တရားစွဲဆိုထားကြောင်း သိရသည်။

သံသယရှိသူတစ်ဦးမှာ လွန်ခဲ့သော ရက်သတ္တပတ်က လက်လုပ်ဗုံးနှစ်လုံး တရားမဝင် ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခဲ့ပြီး အခြားတစ်ဦးကို အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ဆက်သွယ်ရန် ကြိုးစားမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သံသယရှိသူနှစ်ဦးကို ဒေါင်းနင်းလမ်း၌ ဗုံးထောင်ရန် ကြံစည်မှုဖြင့် တရားစွဲဆိုထားကြောင်းသိရသည်။ အဆိုပါအမှုကို ယနေ့တွင် ရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့သည် ဗြိတိန်တွင် ၂၀၁၇ခုနှစ်အတွင်း အကြမ်းဖက်ဖောက်ခွဲမှု အနည်းဆုံး ခုနစ်ကြိမ် ပြုလုပ်မည့်အစီအစဉ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့အပြင် အရေးပေါ်အခြေအနေရှုပ်ထွေးသွားရန် ကြံစည်မှုဖြင့် ထိုသို့ ဗုံးဖောက်ခွဲမည့် အစီအစဉ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ၎င်းတို့သည် ဒေါင်းနင်းလမ်းတွင် ဓားများအသုံးပြုတိုက်ခိုက်မည်ဖြစ်ကာ ထရီဆာမေကို လုပ်ကြံရန်ကြံရွယ်ထားကြောင်း သိရသည်။

အမ်အိုင် ၅ က ဗြိတိန်၏အကြမ်းဖက်မှုအဆင့်သည် အမြင့်ဆုံးတွင်ရှိနေကြောင်းနှင့် အကြမ်းဖက်မှုများ မြင့်တက်လာနိုင်ကြောင်း ပြောခဲ့သည်။

**ရိုက်တာ၊ ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ပူးတွဲထောက်လှမ်းခြင်းဆိုင်ရာ လေယာဉ်အမြင့်ပျံလေ့ကျင့်မှုများကို တရုတ်ပြုလုပ်

**ပေကျင်း ဒီဇင်ဘာ ၆**

တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို ကာကွယ်ရန်နှင့် တိုက်ခိုက်မှုစွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ ပူးတွဲထောက်လှမ်းစောင့်ကြည့်ခြင်းဆိုင်ရာ လေယာဉ်အမြင့်ပျံလေ့ကျင့်မှုများကို တရုတ်ပင်လယ်ပြင်နှင့် ပင်လယ်ဝါတို့တွင် မကြာသေးမီက ပြုလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ လေတပ်ကဒီဇင်ဘာ ၄ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ထောက်လှမ်းရေး လေယာဉ်အမြင့်ပျံလေ့ကျင့်မှုကို ယခင်က အရှေ့တရုတ်ပင်လယ်နှင့် ပင်လယ်ဝါတို့တွင် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း တရုတ်လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)လေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ရှန်ဂျင်ကဲက ပြောကြားခဲ့သည်။

အဆိုပါ ပူးတွဲထောက်လှမ်းစောင့်ကြည့်ခြင်းဆိုင်ရာ လေယာဉ်အမြင့်ပျံသန်းလေ့ကျင့်မှုတွင် တရုတ်လေတပ်မှ ဂျက်တိုက်လေယာဉ်များ၊ လေကြောင်းဗုံးကြဲကြိုတင်အချက်ပြစနစ်လေယာဉ်များ၊ မြေပြင်ဝေဟင်ပစ်ဒုံးကျည်များလည်း ပါဝင်ကြောင်း ရှန်က ပြောကြားခဲ့သည်။

တရုတ်လေတပ်အနေဖြင့် တိုက်ပွဲဝင် အခြေအနေအောက်တွင် ပင်လယ်ပြင်အမြင့်ပျံလေ့ကျင့်ရေးကို လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

---

### ဇင်ဘာဘွေနိုင်ငံ အစိုးရသစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲပြုလုပ်

**ဟာလာရီ ဒီဇင်ဘာ ၆**

ဇင်ဘာဘွေနိုင်ငံ အစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲကို ဒီဇင်ဘာ ၄ ရက်က မြို့တော်ဟာလာရီတွင် ပြုလုပ်ခဲ့ကာ အစိုးရအဖွဲ့၏ အဓိကတာဝန်မှာ စီးပွားရေးတိုးတက်ရန်အတွက်ဖြစ်ကြောင်း သမ္မတသစ် အီမာဆန်မနန်ဂွါက ပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစိုးရသစ်၏ သက်တမ်းသည် လာမည့်နှစ် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်အထိ ခြောက်လကျော် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကာ အစိုးရသစ်အနေဖြင့် ပြည်သူအားလုံးကို စည်းလုံးညီညွတ်အောင်ဆောင်ရွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့ကြောင့် ဇင်ဘာဘွေပြည်သူများအနေဖြင့် အစိုးရသစ်အပေါ် ယုံကြည်မှုရှိရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဇင်ဘာဘွေ သမ္မတသစ် အီမာဆန်မနန်ဂွါသည် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် တာဝန်ထမ်းဆောင်ကြောင်း ကြေညာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်တွင် အစိုးရအဖွဲ့ဟောင်းကို ပယ်ဖျက်ကာ နိုဝင်ဘာ ၃၀ တွင် ဝန်ကြီးများစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

---

# ဂျပန်နိုင်ငံဟာ ရွှေ့ပြောင်းအခြေချသူများနဲ့ ပြည့်လာနိုင်တဲ့ နိုင်ငံတစ်ခုလား

**တင်လင်းအောင်**



ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေတို့ကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားရေးဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့ ကိုကူရှီကန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားပါတယ်။

မကြာသေးခင် ရက်များအတွင်း ဂျပန်နိုင်ငံမှာ ရွှေ့ပြောင်းအခြေချသူဆိုတဲ့ စကားလုံးကို ကျယ်ကျယ်လောင်လောင်ကြားခဲ့ရပါတယ်။ ဒါကို တုံ့ပြန်ဖြေရှင်းဖို့ အကောင်းဆုံးအကြောင်းပြချက် တစ်ခုကတော့ ဂျပန်နိုင်ငံရဲ့ လျော့နည်းသွားတဲ့ လူဦးရေအပေါ် လျင်လျင်မြန်မြန်အဖြေရှာနိုင်ဖို့ပဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်က ဂျပန်နိုင်ငံရဲ့ စုစုပေါင်းလူဦးရေဟာ ဆက်တိုက်ကျဆင်းလာနိုင်တယ်လို့ ခန့်မှန်းခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်ပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့လူမှုလုံခြုံရေးသုတေသနအမျိုးသား အင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိဂျပန်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့နှိုင်းစာရင်လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ အဲဒီစုစုပေါင်း လူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏအသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅နှစ်နဲ့ အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက်ရှိမှာ ဖြစ်ပါတယ်။

အိုင်ပီအက်စ်အက်စ်က လာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက်ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ဆက်လက်ခန့်မှန်းတွက်ချက်ထားပါတယ်။

ဂျပန်နိုင်ငံဟာ သူ့ရဲ့ကျဆင်းလာနေတဲ့လူဦးရေနဲ့ လုပ်သားအင်အားပြတ်လပ်မှုကို ရွှေ့ပြောင်းအခြေချမှုတစ်ခုတည်းနဲ့ အစားထိုးလျက်ရှိပါတယ်။ အကယ်၍ လူဦးရေလျော့နည်း ကျဆင်းလာမှုဟာ ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို ထိခိုက်မှုရှိတယ်ဆိုရင် လူဝင်မှုကြီးကြပ်ရေးကိုသာ တိုးမြှင့်ဖို့ စတင်လုပ်ဆောင်ဖို့ပဲ ရှိပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ခုနှစ် ဒီဇင်ဘာမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင် အကောင်အထည် ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေ လျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။

ဂျပန်နိုင်ငံဟာ လူဦးရေလျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှားရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြား လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့လာခဲ့ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့နိုင်ငံခြားသားအလုပ်သမားတွေကို အလှည့်ကျစနစ်နဲ့ လက်ခံတဲ့အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အလှည့်ကျစနစ်နဲ့ လက်ခံတဲ့ အလုပ်သမားတွေဟာ လတ်တလော လုပ်သားအင်အားပြတ်လပ်မှုကို ခဏတာ သက်သာစေနိုင်သော်လည်း ရေလတ်နဲ့ ရေရှည်ကာလတွေမှာ လူဦးရေလျော့နည်းမှုကို ဖြေရှင်းနိုင်မယ်မထင်ပါဘူး။

ရွှေ့ပြောင်း အခြေချသူတွေကို ပိုမိုလက်ခံမှုကို အစိုးရကော်မတီမှာ ၂၀၁၄ခုနှစ် ဇွန်လတွင် ဆွေးနွေးခဲ့သော်လည်း အာဘေးအစိုးရဟာ နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုခြင်းဟာ လူဝင်မှုကြီးကြပ်ရေးမူဝါဒမဟုတ်ဘူးဆိုတဲ့အကြောင်း ရှင်းရှင်းလင်းလင်း သိစေခဲ့ပြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမယ့်နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကို ရောက်ဖို့ အစိုးရရဲ့ ခန့်မှန်းခြေဟာ ဘာကိုညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းအထိရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အမှန်စင်စစ် ၂၀၁၆ ခုနှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါတယ်။

ဒါကြောင့် လူဦးရေတိုးပွားဖို့ဆိုရင် လူမှုသဘာဝပတ်ဝန်းကျင်ကို တိုးတက်စေမယ့် ကောင်းတဲ့အကြံမှန်သမျှကို ကြိုဆိုရမှာဖြစ်ပါတယ်။ ဥပမာကလေးမွေးဖွားမှုနဲ့ ကလေးငယ်တွေကို ကြီးပြင်းလာအောင် စောင့်ရှောက်မှုဆိုတဲ့ ကောင်းတဲ့အကြံတွေကို ကြိုဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကလေးမွေးဖွားနှုန်းကို ကြည့်မယ်ဆိုရင် အမှန်တကယ်ပဲ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ပါ့မလားဆိုတာ တိမ်ကင်းစင်တဲ့ လပမာ သံသယအားလုံးတော့ ရှင်းမသွားပါဘူး။ ဆိုလိုသည်မှာ ဖြစ်နိုင်လား မဖြစ်နိုင်လားဆိုတဲ့ အပေါ်မှာ ဝိရောဓိဖြစ်နေတုန်းပဲ ရှိပါသေးတယ်။

ရွှေ့ပြောင်းအခြေချမှုဆိုတဲ့ စကားရပ်ဟာ အဖြေတစ်ခုကိုတော့ ကိုယ်စားပြုနိုင်ပါတယ်။ သို့သော်လည်းပဲ ရွှေ့ပြောင်းအခြေချသူတွေ ဂျပန်နိုင်ငံမှာ ရှိခဲ့ဖူးသလားဆိုတာကိုတော့ မေးခွန်းထုတ်ရဦးမှာ ဖြစ်ပါတယ်။ ဒါဟာ မသေချာသေးပါဘူး။ ရှိချင်လည်းရှိမယ်။ မရှိချင်လည်း မရှိနိုင်ပါဘူး။

ဆိုခဲ့သလို ဂျပန်အစိုးရဟာ လူဦးရေလျော့နည်း ကျဆင်းလာခြင်းအပေါ် ရေလတ်၊ ရေရှည်အစီအစဉ်တွေ ချမှတ်ဖော်ဆောင်သင့်ပါတယ်။

လတ်တလောမှာ ရွှေ့ပြောင်းလုပ်သား အင်အားတွေကို အားကိုးလို့ရတယ်ဆိုပေမယ့်လည်း ဒါဟာ အမြဲတမ်းတော့ မှန်ကန်တဲ့ နည်းလမ်းတစ်ခုတော့ မဟုတ်နိုင်ပါဘူး။ ရွှေ့ပြောင်းလုပ်သားအင်အားတွေကို အားကိုးမှုဟာ သစ်မရှိခင်ဝါးပေါင်းကွပ်ဆိုသလို ခဏတာသက်သာမှု၊ ဖြေရှင်းမှုတော့ ပေးကောင်းပေးနိုင်မှာပါ။

ရွှေ့ပြောင်း လုပ်သားတွေဆိုတာ အမြဲတမ်းရွှေ့ပြောင်းနေထိုင်အခြေချတဲ့ သူတွေ ဖြစ်ပါတယ်။ ရေကြည်ရာမြက်နုရာဆိုသလို ၎င်းတို့နဲ့ သင့်တော်တဲ့ နေရာတွေကို အမြဲတမ်းလှည့်လည်သွားလာနေထိုင်သူတွေသာ ဖြစ်ပါတယ်။ ဆိုတော့ ဂျပန်အစိုးရအနေနဲ့ ဒီအခြေအနေပေါ်မှာ အမြဲတမ်းယုံကြည်အားကိုးလို့ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

၂၀၁၆ ခုနှစ်အကုန်မှာ ဂျပန်မှာရှိတဲ့ နိုင်ငံခြားသား ၂၃၈၂၈၂၂ ဦးခန့် (၈၀ ရာခိုင်နှုန်း)ဟာ ရွှေ့ပြောင်းအခြေချသူတွေ ဖြစ်ပါတယ်။ ၄၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ အမြဲတမ်းနေထိုင်သူတွေ ဖြစ်ပါတယ်။ ဒီပမာဏဟာ အနောက်နိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ဆိုနိုင်သော်လည်း ဂျပန်နိုင်ငံအတွက်မူ အမျိုးသားသန်းခေါင်စာရင်းအရ ၂၀၀၀-၂၀၁၅ ခုနှစ်အထိ ဂျပန်နိုင်ငံသားတွေဟာ ၀ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းသွားခဲ့သော်လည်း ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်အစိုးရဟာ သူ့ရဲ့ အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်းမြင့်တက်လာအောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို လူမှုပတ်ဝန်းကျင်တိုးတက်မှုဖြစ်လာမယ့် ကလေးမွေးဖွားမှု၊ ပြုစုစောင့်ရှောက်မှုတွေကိုလည်း အစိုးရရဲ့အရေးကြီးတဲ့ မူဝါဒတစ်ရပ်အနေနဲ့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကလေးမွေးဖွားနှုန်းမြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှု လျော့ချရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေဖြစ်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့လည်း ဆိုခဲ့ပြီးတိုင်း ရွှေ့ပြောင်းအလုပ်သမားတွေဟာခဏတာ အားကိုးလို့ရနိုင်သော်လည်း ရေလတ်၊ ရေရှည်ကဏ္ဍတွေမှာတော့ ကိုယ့်တိုင်းဌာနီ ကိုယ့်ပြည်က ကိုယ့်မျိုးဆက်သစ်တွေသာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့အနာဂတ်ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှထိန်းညှိရင်း လူဦးရေလျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရှာဖွေရမှာ ဖြစ်ပါတယ်။ ထိုသို့ လုပ်ဆောင်နိုင်မှ ဂျပန်နိုင်ငံဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား - ရိုက်တာ**

> **"ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင် အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိက စိန်ခေါ်မှုကြီး တစ်ခုဖြစ်လာပါတယ်"**

# တောင်ငူတွင် မြန်မာ့ဆိုင်းဝိုင်းတီး အတတ်ပညာ ထိန်းသိမ်းစောင့်ရှောက်ခြင်းအစည်းအဝေး ပြုလုပ်

**တောင်ငူ ဒီဇင်ဘာ ၆**

တောင်ငူမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးမှ ကြီးမှူးကျင်းပသော မြန်မာ့ဆိုင်းဝိုင်းတီး အတတ်ပညာများ ထိန်းသိမ်းစောင့်ရှောက်ခြင်း အစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ၁၈ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ် သဘင်ပညာရှင်များ ဥက္ကဋ္ဌ ဒေါ်မြသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး သဘင်ပညာရှင်များဥက္ကဋ္ဌ ဦးစိန်သန်းနွယ်က မြန်မာ့ဆိုင်းဝိုင်းတီး အတတ်ပညာများ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ဆိုင်းသံစဉ်အလိုက် တီးမှုတ်ကြရန်နှင့် ဆိုင်းပညာရှင်များနှင့်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာခြင်းကိစ္စရပ်များ၊ မျိုးဆက်သစ်များအား ဖြန့်ဝေခြင်းကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် သဘင်ပညာရှင်များကလည်း ပြန်လည်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဆိုင်းပညာရပ်နှင့် နတ်ကနားပွဲတွင် ကနားကသည့် ပညာရပ်များကို စည်းကမ်းတကျရှိစေရန် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဗဟိုမှ တာဝန်ပေးအပ်ထားသည့် မြန်မာ့ဆိုင်းဝိုင်းတီး အတတ်ပညာ ထိန်းသိမ်းစောင့်ရှောက်ခြင်းအဖွဲ့ ဦးစိုးမြင့်(ခေါ်) ရန်ကုန်အောင်ဝင်းက စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး သဘင်ပညာရှင်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၁၁ ဦး ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးစိန်သန်းနွယ်က အတည်ပြု ဖွဲ့စည်းခဲ့ကာ တောင်ငူမြို့နယ် သဘင်ဥက္ကဋ္ဌ ဒေါ်မြသိန်းထံသို့ ဗွီနိုင်းဆိုင်းဘုတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တောင်ငူမြို့နယ် သဘင်ပညာရှင်များနှင့် တောင်ငူခရိုင် လေးမြို့နယ်မှ သဘင်ပညာရှင်ဥက္ကဋ္ဌများ၊ အစည်းအရုံးဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သူရ (တောင်ငူ)**



# နာဂဒေသ၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက အစိုထွက်နှုန်း ၉၅ တင်း ထွက်



**မိုပိုင်းလွတ် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင် မိုပိုင်းလွတ်မြို့ ရပ်ကွက် ၁ ဦးပိုင်အမှတ် (၅/ရွာမ)တောင်သူ ဦးခိုင်းလတ်၏ လယ်တွင်မော်ဘီ ၂ မျိုးသန့်စံပြကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပရာ တစ်ဧကေ အစိုထွက်နှုန်း ၉၅ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းဝေ က စိုက်ပျိုးမြေပြုပြင်ထိန်းသိမ်းရေး နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်နည်းစနစ်၊ မျိုးသန့်ထိန်းသိမ်းနည်းစနစ်များနှင့် သီးနှံများတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းနည်းစနစ်များ၊ မျိုးစေ့ထုတ်စိုက်ခင်းများတွင် တောင်သူများ ပူးပေါင်းပါဝင်လာစေရန်၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်စိုက်ခင်းများ ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ရှင်းလင်းပြောကြားခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် တောင်သူများစိုက်နည်းစနစ် မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ မျိုးကောင်း မျိုးသန့်အထွက်နှုန်းမြင့် မျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးနှင့် မြေမှန်၊ မျိုးမှန်၊ ရာသီမှန်ကန်စွာ စိုက်ပျိုးပြီး နိုင်ငံ၏စိုက်ပျိုးရေးထုတ်ကုန်များ မြင့်မားလာစေပြီး ဒေသခံတောင်သူများ၏ ဝင်ငွေတိုးပွားရရှိနိုင်စေရေး ရည်ရွယ်ချက်များဖြင့် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ရှိန်းလေး(မိုပိုင်းလွတ်)**

# (၁၄၉၂) ကြိမ်မြောက် တမန်တော်မွေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

(၁၄၉၂)ကြိမ်မြောက် တမန်တော်မွေးနေ့ကျင်းပရေး ဗဟိုကော်မတီ (ကျိုလီယာမွတ်စလင်) မှ ကြီးမှူးကျင်းပသည့် (၁၄၉၂)ကြိမ်မြောက် တမန်တော်မွေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ်ရှိ ကျိုလီယာ ဗလီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျမ်းတော်မြတ်ကုရ်အာန်ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်ကာ စာရေးဆရာ ဟာဂျီဦးတင်ရွှေ (မန်းတင်ရွှေ)က အမှာစကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံမှ ပေးပို့သည့် (၁၄၉၂) ကြိမ်မြောက် တမန်တော်မွေးနေ့ သဝဏ်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ဖတ်ကြားခဲ့သည်။

ထို့နောက် ဟာဂျီဦးအေးလွင်၊ ဒေါက်တာဆောင်းလွင်အောင်၊ ဟာဂျီဦးအောင်အေးကျော်နှင့် သာသနာ့ပညာရှင်များက တမန်တော်မြတ် ဘဝဖြစ်စဉ်နှင့် အစ္စလာမ်တရားဒေသနာများကို ဟောကြားကာ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များ စုပေါင်း၍ တမန်မြတ်ထံ မေတ္တာပို့သခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောစေရေးတို့အတွက် ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်တိုင်းဒေသကြီး သာသနာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ အနောက်ပိုင်းခရိုင် သာသနာရေးဦးစီးမှူး ဦးကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်တို့ နှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# နေရပ်စွန့်ခွာ ဒေသခံပြည်သူများအား အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**ဆဒွံး ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဆဒွံးမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်ရှိ နေရပ်စွန့်ခွာ ဒေသခံပြည်သူများအား လူသားချင်းစာနာမှုဖြင့် အနွေးထည်အင်္ကျီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခြင်းကို ဒီဇင်ဘာ ၃ ရက်က အထက်မြန်မာနိုင်ငံ လီဆူခရစ်ယာန်အသင်းတော်မှ အသင်းတော်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဦးဒေးဗစ်ဖစ်ရှ ဦးဆောင်၍ သွားရောက်ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

နံနက် ၁၁ နာရီတွင် အလှူရှင်များအဖွဲ့သည် ဆဒွံးမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကာ နေရပ်စွန့်ခွာ ဒေသခံ ပြည်သူများစခန်းနေ ကလေးငယ်များက ခရစ္စမတ်အကြို ဓမ္မတေးသီချင်းများဖြင့် ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

ရှေးဦးစွာ သိက္ခာတော်ရဆရာတော်က နေရပ်စွန့်ခွာဒေသခံ ပြည်သူများနှင့် အလှူရှင်များအား မိတ်ဆက်ပေးကာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးဖောင်ဒေးရှင်း (MWCDF)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်နော်နီဆက်တင်ထူးက နှုတ်ခွန်းဆက်စကားပြောကြားပြီး နေရပ်စွန့်ခွာ အိမ်ထောင်စု ၈၄ စုသို့ အထုပ် ၃၀ ပါ ခေါက်ဆွဲခြောက် ၉၃ ဖာနှင့် MOTUL ကုမ္ပဏီမှ ဆောင်းရာသီဝတ်အနွေးထည် ၁၈၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဆဒွံးမြို့ရပ်ကွက် ၁ ရှိ လီဆူတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဂေဟာရှိ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ ၅၂ ဦးအတွက် အထုပ် ၃၀ပါ ခေါက်ဆွဲခြောက် ၄၂ ဖာတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ အလှူရှင်များအဖွဲ့သည် ဝိုင်းမော်မြို့နယ် ခါရှီကျေးရွာရှိ နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ နေရပ်စွန့်ခွာပြည်သူများသို့ အထုပ် ၃၀ ပါ ခေါက်ဆွဲခြောက် ၆၅ ဖာနှင့် အိမ်ထောင်စု ၆၂ စုအား ဆောင်းတွင်းဝတ် အနွေးထည်များ ပေးအပ်လှူဒါန်းခဲ့သည်။



အလှူရှင်များအဖွဲ့တွင် ပါရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hong Kong Christian Councilမှ အမှုဆောင်အရာရှိ Ms. WONG Yuk-Hauက နေရပ်စွန့်ခွာပြည်သူများ၏ လိုအပ်ချက်များအား မေးမြန်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရေးတို့ကို နေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်**

## ဥတုရာသီ၊ တောကိုမှီ၍

# အဖိုးတန်သစ်များ မရှိတော့သည့်အတွက် ပြန်လည် အစားထိုးစိုက်ရမည့်နေရာများ ရွေးချယ်သွားရန် လိုအပ်

**မုံရွာ ဒီဇင်ဘာ ၆**

အမှန်တကယ်သစ်ပင်ရှိသည့် ရေိယာများ တောထူထပ်သည့် ဧရိယာများကို ရှောင်ပြီး အဖိုးတန်သစ်များမရှိတော့သည့်အတွက် ပြန်လည်အစားထိုးစိုက်ရမည့်နေရာများ ရွေးချယ်စိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

“မြေနေရာရွေးချယ်ရာမှာ အခုနှစ်ကစပြီး အောက်ခြေမှာလည်း စနစ်တကျဆောင်ရွက်နေသလို အမှန်တကယ် သစ်ပင်ရှိတဲ့ ဧရိယာမျိုး တောထူထပ်တဲ့ ဧရိယာမျိုးကိုရှောင်ပြီး အဖိုးတန် သစ်တွေမရှိတော့တဲ့အတွက် ပြန်လည်အစားထိုး စိုက်ရမယ့်နေရာတွေကို ရွေးချယ်စိစစ်ဆောင် ရွက်သွားရမှာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးသစ်တော ဦးစီးဌာနညွှန်ကြားရေးမှူးထံမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့် စနစ်ကို ချီတက်နေခြင်းဖြစ်ပြီး တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်က နောက်ကြောင်းပြန် အစစ်ဆေးခံနိုင်ရမည်ဖြစ်ကာ သစ်ကမည်သည့် လမ်းကြောင်းမှ လာသည်ဆိုခြင်းကို စစ်သည့်အခါ ပေအရှည်သစ်ငုတ်အထိ အစစ်ဆေးခံနိုင်မည့် အခြေအနေရှိရမည်ဖြစ်သလို ပင်ထောင်သည့် လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ထမ်းအင်အားတိုးမြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

ယခင်ကရှိခဲ့သည့်အပိုင်းများတွင်လည်း နှစ်အလိုက်ခွင့်ပြုထားခဲ့သည်များရှိရာ ထိုအပေါ်တွင်လက်ရှိ တိုင်းဒေသကြီး အစိုးရအနေဖြင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေရာ ပြန်လည်သိမ်းဆည်းမှုများရှိသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်း နေရာအတော်များများရှိ စိုက်ရန်လိုသည့် ကွက်လပ်များတွင် ပြန်လည်စိုက်ပျိုးခြင်းထက် သဘာဝပေါက်ရောက်သည့် အပင်များကို ထိန်းသိမ်းမည်ဆိုလျှင် ရနိုင်သော်လည်း လူအရောက်အပေါက်၊ ဝန်ထမ်းအရောက်အပေါက်နည်းရာ ဒေသများတွင် နေရာကျူးကျော်မှုများနှင့် အခြားပြဿနာများရှိနိုင်ကြောင်း ဦးခင်မောင်ဝင်းက ရှင်းပြသည်။

**သံတိုင်ထွန်း**

# လားရှိုးမြို့ရှိ သဘာဝအပန်းဖြေရေပူစမ်းသို့ မော်တော်ယာဉ်လိုင်း တစ်ခုပြေးဆွဲ

**လားရှိုး ဒီဇင်ဘာ ၆** - ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ သဘာဝရေပူစမ်း အပန်းဖြေစခန်းသို့ လားရှိုးမြို့မ ဈေးကြီးကို ဗဟိုပြုပြီး မော်တော်ယာဉ်လိုင်းတစ်ခုက ဒီဇင်ဘာ ၅ ရက်မှစတင်ကာ မတ်လကုန်အထိ ပြေးဆွဲပေးသွားမည်ဖြစ်သည်ဟု သိရသည်။

လားရှိုးမြို့မဈေးကြီးမှ ရေပူအပန်းဖြေစခန်းသို့ တစ်ဦးလျှင် ပုံသေယာဉ်စီးခမှာ ၅၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး လတ်တလောတွင် မြို့မဈေးကြီးနှင့် လားရှိုးကို ပြေးဆွဲသည့်ယာဉ်လိုင်းမှ ၁၀ စီးပြေးဆွဲမည်ဖြစ်ပြီး ဒေသခံပြည်သူတို့ဘက်က လိုလားချက်ရှိပါက ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း လားရှိုးမြို့ရှိ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန တွဲဖက်ပြည်နယ်မှူး ဦးဇော်ဇော်ဝင်းက ပြောသည်။ လားရှိုးမြို့ရှိ ရေပူစမ်းအပန်းစခန်းသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများက ဆောင်းရာသီတွင် အများဆုံးလာရောက်လည်ပတ် အပန်းဖြေလေ့ရှိရာ လားရှိုးရေပူအပန်းဖြေစခန်းတွင် သဘာဝကန့် ရေပူစိမ်ခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသည့်အပြင် ရေပူအပန်းဖြေစခန်းတွင် ဒေသထွက် ရိုးရာအစားအသောက်များဖြင့် စားသောက်အပန်းဖြေနိုင်သည်ဟု သိရသည်။

**မမ(လားရှိုး)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၀)

## သိပ္ပံစာရေးဆရာကိုကိုအောင်

### မိုးကြိုးမုန်တိုင်းနှင့် မိုးသီးကြွေခြင်း

ကမ္ဘာတစ်ဝန်းလုံး၌ နေ့စဉ်အားဖြင့် မိုးကြိုးမုန်တိုင်းဖြစ်စဉ် အကြိမ်ရေ ၄၀၀၀၀ ခန့် ဖြစ်ပွားလျက် ရှိနေသည်။ ကောင်းကင် တိမ်တိုက်များအတွင်းရှိ ရေမှုန်ရေမွှားများသည် လေပြင်းများကြောင့် အချင်းချင်း ပွတ်တိုက်မိကြရာမှ လျှပ်စစ်စီးကူးမှုများ ဖြစ်ပေါ်လာချိန်တွင် အပူချိန်ကွာခြားမှု မြင့်မားသောကြောင့် ဒြပ်မှုန်တို့၏ သိပ်သည်းဆပမာဏကွာဟမှု ကြီးမားစွာဖြစ်ပေါ်ကာ အသံလှိုင်းများအဖြစ် ပြောင်းလဲသွားပြီး ထစ်ချုန်းသံများ ထွက်ပေါ်လာခြင်းကို မိုးကြိုးမုန်တိုင်းဖြစ်စဉ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာကြီးများနှင့် ကုန်းမြေတိုက်ကြီးများသည် အပူဓာတ်ကို စုပ်ယူထိန်းသိမ်းရာတွင် မတူကွဲပြားသော သဘောသဘာဝ ရှိနေကြသောကြောင့် ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များအပေါ်၌ အကျိုးသက်ရောက်ပုံကလည်း ဆန်းပြားလှသည်။ သမုဒ္ဒရာရေထုသည် ကုန်းမြေထုကဲ့သို့ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူခြင်း မပြုနိုင်ကြသော်လည်း စုပ်ယူထားပြီးသား အပူဓာတ်ကိုမူ အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်စွမ်းရှိကြသည်။ ကုန်းမြေတိုက်ကြီးများကမူ အပူဓာတ်ကို လျင်မြန်စွာ စုပ်ယူနိုင်ကြသော်လည်း စုပ်ယူထားသည့် အပူဓာတ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်စွမ်း မရှိကြပေ။

ထိုသို့သော သဘောသဘာဝများကြောင့်ပင် သမုဒ္ဒရာရေထုသည် စုပ်ယူထားသောအပူဓာတ်ကို လေထုထဲသို့စွန့်ထုတ်ရာတွင် ပမာဏအများအပြားကို တဖြည်းဖြည်းချင်းသာ ထုတ်လွှတ်ကြသောကြောင့် အပူချိန် ရုတ်ခြည်းကျဆင်းသွားခြင်းမျိုး မဖြစ်ပေါ်ပေ။ ကုန်းမြေတိုက်ကြီးများကမူ ပမာဏနည်းပါးသော အပူဓာတ်ကို အလျင်အမြန် စွန့်ထုတ်ပစ်လိုက်ကြသည့်အတွက် အပူချိန် ရုတ်တရက်ကျဆင်းသွားသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် အပူချိန်အတက်အကျ အလွန်မြန်ဆန်သည့် သဘောသဘာဝရှိကြပြီး သမုဒ္ဒရာရေထုကြီးကမူ အပူချိန်အတက်အကျ အလွန်နှေးကွေးသည့် သဘောသဘာဝရှိနေသည်။

အလားတူပင် သမုဒ္ဒရာရေထုသည် လေထုနှင့်နှိုင်းယှဉ်ပါကလည်း အပူဓာတ်ကိုစုပ်ယူရရှိမှု လွန်စွာနှေးကွေးသော သဘောသဘာဝရှိနေသည်။ ထုထည်ပမာဏချင်းတူညီပါက လေထုက စုပ်ယူနိုင်သော အပူဓာတ်ထက် အဆ ၃၀၀၀ ခန့်ပြင်းပြသော အပူဓာတ်ကိုရရှိမှသာ ရေထု၏အပူချိန်က လေထု၏ အပူချိန်နှင့် တန်းတူဖြစ်လာသည်။ ထို့ကြောင့်ပင် ထုထည်အားဖြင့် တစ်ကုဗမီတာရှိသောရေထုက အပူချိန် တစ်ဒီဂရီစင်တီဂရိတ် စွန့်ထုတ်လိုက်ခြင်းကြောင့် ကုဗမီတာ ၃၀၀၀ ရှိသောလေထုကို အပူချိန် တစ်ဒီဂရီစင်တီဂရိတ် မြင့်တက်လာစေနိုင်သည်။

လေထု၏အပူချိန်သည် လေဖိအားကို အပြောင်းအလဲဖြစ်ပေါ်စေသည်။ လေထုအပူချိန် မြင့်တက်နေလျှင် လေဖိအားကျဆင်းပြီး လေထုအပူချိန် ကျဆင်းပါက လေဖိအားမြင့်တက်လာသည်။ ထို့ကြောင့်ပင် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်အော်နှင့် ကမ်းလွန်ပင်လယ်ပြင်များ၌ ရေထုကစွန့်ထုတ်လိုက်သော အပူဓာတ် အနည်းအများသည် လေထုအတွင်း၌ ကြီးမားသော အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေကာ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့ကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။

လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့သည် လေတိုက်ရာလမ်းကြောင်း၏ ဦးတည်ရာကို လည်းကောင်း၊ မုန်တိုင်း တိုက်ခတ်ရွေ့လျားရာလမ်းကြောင်း၏ ဦးတည်ရာကို လည်းကောင်း ဖန်တီးနိုင်စွမ်းရှိကြသည်။ ထို့အတူပင် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများနှင့် သမုဒ္ဒရာရေပြင်တို့အကြား အပူချိန်ခြားနားချက်များကလည်း ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသ အခြေအနေများကို အမျိုးမျိုးအဖုံဖုံဖြစ်အောင် ပြုပြင်ဖန်တီးလျက် ရှိနေကြသည်။

**“မြန်မာနိုင်ငံ၌ တစ်နှစ်တာကာလ ရာသီခွင်အတွင်း၌ မိုးကြိုးမုန်တိုင်းဖြစ်စဉ် အများဆုံး ဖြစ်ပေါ်ကျရောက်လေ့ရှိသော ဒေသများမှာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများပင်ဖြစ်ကြသည်။ အဆိုပါဒေသများ၌ တစ်နှစ်တာအတွင်း မိုးကြိုးမုန်တိုင်းဖြစ်စဉ် ဖြစ်ပေါ်မှုမှာ ပျမ်းမျှအားဖြင့် ရက်ပေါင်း ၇၀ ကျော် ရှိနေတတ်သည်”**

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ဒြပ်ဝတ္ထုအစိုင်အခဲများ ဖြစ်ကြသောကြောင့် နေမှရရှိသော အပူဓာတ်ကို အပေါ်ယံမြေလွှာက လျင်မြန်စွာစုပ်ယူသိုမှီးထားပြီး အပူလျှောက်ကူးမှုနည်းလမ်းဖြင့် နက်သော မြေလွှာအတွင်းပိုင်းသို့ အပူဓာတ်အနည်းငယ်ကို ပျံ့နှံ့ရောက်ရှိစေသည်။ သမုဒ္ဒရာရေထုကမူ နေမှရရှိသော အပူဓာတ်ကို တဖြည်းဖြည်းစုပ်ယူရင်း အပေါ်ယံရေလွှာက ပူနွေးလာသည့်အခါ အောက်အလွှာရှိ အေးသော ရေများဆီသို့ အပူစီးကူးမှုနည်းလမ်းဖြင့် ကျယ်ပြန့်စွာရောက်ရှိစေကာ အပူဓာတ်ဖလှယ်နိုင်စွမ်းရှိကြသည်။ ထို့ပြင် ရေစီးကြောင်းကြီးများနှင့် ဒီရေလှိုင်းများကြောင့်လည်း ဝေးသောနေရာရှိ ရေပြင်များဆီသို့ အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပို့ဆောင်နိုင်စွမ်း ရှိကြသည်။ ဤသို့အားဖြင့် ကမ္ဘာ့ရေထုကြီးသည် ကုန်းမြေထုကြီးထက် အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းသိုလှောင်ထားနိုင်သည့် အခွင့်အရေးရှိနေသည်။

သမုဒ္ဒရာ ရေပြင်ကျယ်ကြီးများက အပူဓာတ်ကို ကျယ်ပြန့်စွာ စုပ်ယူသိုမှီးထားနိုင်စွမ်းရှိနေခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ရေမျက်နှာပြင် အပေါ်ယံရှိရေများသည် အမြဲသဖြင့်



အငွေ့ပျံလျက်ရှိနေကြသည်။ ယင်းကဲ့သို့ အငွေ့ပျံခြင်းဖြစ်စဉ်ကြောင့် ကောင်းကင်ယံတွင် ရေငွေ့အစုအဖွဲ့ဖြစ်သည့် တိမ်တိုက်တိမ်လွှာများကို ဖြစ်ပေါ်လာစေသည်။

သမုဒ္ဒရာရေထုကြီးနှင့် ကုန်းမြေထုတို့၏ အပူဓာတ်ကို စုပ်ယူသိုမှီးပုံနှင့် စွန့်ထုတ်ပုံတို့ မတူကွဲပြားနေခြင်း သဘောသဘာဝများကြောင့် ကမ္ဘာပေါ်၌ အဓိကကျသော ရာသီဥတုနှစ်မျိုး ဖြစ်ပေါ်လာသည်။ ယင်းတို့မှာ Continental Climate ခေါ် ကုန်းမြေတိုက်ရာသီဥတုနှင့် Oceanic Climate ခေါ် သမုဒ္ဒရာရေပြင် ရာသီဥတုတို့ပင် ဖြစ်ကြသည်။ ကုန်းမြေတိုက်ကြီးများ၏ အတွင်းပိုင်းကျသော အရပ်ဒေသများ၌ ကုန်းမြေတိုက် ရာသီဥတုရှိနေပြီး သမုဒ္ဒရာကမ်းခြေနှင့်နီးကပ်သော အရပ်ဒေသများ၌ သမုဒ္ဒရာရေပြင်ရာသီဥတု ရှိနေကြသည်။

သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော အရပ်ဒေသများ၌ သမုဒ္ဒရာရေထုကြီးက အပူအအေးလွန်ကဲမှုမဖြစ်အောင် ထိန်းသိမ်းပေးထားကြသည်။ ထို့ကြောင့်ပင် အဆိုပါရာသီဥတုမျိုးရှိသော အရပ်ဒေသများ၌ နွေရာသီ၌ အပူလွန်ကဲမှုမဖြစ်ပေါ်သလို...ဆောင်းရာသီ၌လည်း အအေးလွန်ကဲခြင်းမျိုး ဖြစ်ပေါ်လေ့ မရှိကြပေ။ သို့ရာတွင် သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော ဒေသများ၌ အမြဲလိုလိုတိမ်များထူထပ်နေတတ်ပြီး မိုးရွာသွန်းမှုကလည်း များပြားလေ့ရှိသည်။ ကုန်းမြေတိုက်ရာသီဥတုရှိသော အရပ်ဒေသများ၌မူ နွေရာသီတွင် အပူလွန်ကဲပြီး ဆောင်းရာသီ၌လည်း အအေးလွန်ကဲလေ့ရှိသည်။ နေနှင့်ည အပူချိန်ကွာခြားချက်ကြီးမားပြီး နေ့အခါပူပြင်းသလောက် ညအခါ၌ အအေးပိုသော သဘောသဘာဝရှိနေသည်။

သမုဒ္ဒရာရေပြင်နှင့် ကုန်းမြေတိုက်ကြီးများအကြား ရာသီကာလအလိုက် အပူချိန်ခြားနားမှု အပြောင်းအလဲရှိနေခြင်းကြောင့် မုတ်သုံလေတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှကုန်းမြေထုများအကြား ရာသီအလိုက် အပူချိန်ခြားနားချက် ပြောင်းလဲမှုရှိနေခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ မုတ်သုံလေ၏အကျိုးကို ခံစားကြရသည်။

အဆိုပါဒေသများတွင် နှစ်စဉ်ဧပြီလနှင့် အောက်တိုဘာလများအကြား၌ အနောက်တောင် မုတ်သုံလေများ တိုက်ခတ်ပြီး အဆိုပါနှစ်၏ အောက်တိုဘာလမှ နောင်နှစ်ဧပြီလများအကြား၌ အရှေ့မြောက်မုတ်သုံလေ တိုက်ခတ်သည်။ ကုန်းမြေဘက်တွင် အပူဓာတ်များပြီး လေထုအပူချိန် မြင့်တက်ကာ လေဖိအားနည်းနေချိန်၌ ဖိအားများနေသော သမုဒ္ဒရာရေပြင်မှလေများသည် အနောက်တောင် မုတ်သုံလေအဖြစ် ကုန်းမြေများဆီသို့တိုက်ခတ်သည်။ အနောက်တောင်မုတ်သုံလေသည် သမုဒ္ဒရာဘက်မှ တိုက်ခတ်လာသောလေဖြစ်ခြင်းကြောင့် ရေခိုးရေငွေ့ပမာဏ အများအပြားကို တစ်ပါတည်း သယ်ဆောင်လာသည်။ အနောက်တောင်မုတ်သုံလေ ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ စွတ်စိုသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေပြင်များ၌ အပူဓာတ်များပြီး ရေပြင်အပူချိန် မြင့်တက်ကာ လေဖိအားနည်းနေချိန်မျိုး၌ ဖိအားများသော ကုန်းတွင်းလေများက အရှေ့မြောက်မုတ်သုံလေအဖြစ် သမုဒ္ဒရာရေပြင်များဆီသို့ တိုက်ခတ်သည်။ ဖိအားများနေသော အရှေ့မြောက်မုတ်သုံလေသည် ခြောက်သွေ့အေးမြသောကြောင့် ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ အေးမြသောရာသီဥတုကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေထု၊ ကုန်းမြေထုနှင့်လေထုတို့၏ အပူဓာတ်စုပ်ယူမှု၊ အပူဓာတ်ထုတ်လွှတ်မှု၊ ရေငွေ့ပျံမှု၊ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းဖြစ်ပေါ်မှု၊ မုတ်သုံရာသီလေများတိုက်ခတ်မှု၊ လေပြင်းများ တိုက်ခတ်မှု၊ အပူလှိုင်းများဖြတ်သန်းမှု၊ အအေးလှိုင်းများဖြတ်သန်းမှုစသော အပြန်အလှန် အကျိုးသက်ရောက်မှုများကြောင့် လေထုလွှာများ၏ အပူအအေးပြောင်းလဲမှု၊ ရေငွေ့ပါဝင်နှုန်းပြောင်းလဲမှု၊ ထူထပ်သော တိမ်များဖြစ်ထွန်းမှု၊ မိုးတိမ်တောင်များဖြစ်ပေါ်လာမှု၊ တိမ်လွှာထုအတွင်း အပူချိန်ခြားနားမှု၊ ဒြပ်မှုန်များ၏ ပွတ်တိုက်ရွေ့လျားမှုနှင့် သိပ်သည်းဆများ ကွာဟချက်ကြီးမားမှုတို့သည် ရာသီအပေါ်မူတည်ပြီး အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖြစ်ပေါ်လာရသည်။

မိုးတိမ်တောင်တစ်ခုသည် စတင်ဖြစ်ပေါ်ချိန်မှစ၍ အားပျော့ပျက်ပြယ်သွားသည့် အချိန်အတိုင်းအတာအတွင်း စတင်ဖွံ့ဖြိုးလာခြင်း၊ အရွယ်ရောက်ကြီးထွားလာခြင်းနှင့် ထကြွလှုပ်ရှား သက်ဝင်လာခြင်းဟူ၍ အဆင့်သုံးဆင့်ကို ဖြတ်သန်းရသည်။ အင်အားကောင်းသော မိုးတိမ်တောင်များ ဖြစ်ပေါ်လာချိန်တွင် အမြင့်ပေ ၃၀၀၀ ခန့်အထိပင် ရှိလာနိုင်သည်။

မိုးတိမ်တောင်တစ်ခု၏ တိမ်တိုက်အတွင်း၌ အောက်မှ အထက်သို့ဆန်တက်သော လေစီးကြောင်းများနှင့် အထက်မှ အောက်သို့ စုန်ဆင်းသော လေစီးကြောင်းများ ရှိနေကြပြီး တိမ်တိုက်ကြီး၏ရွေ့လျားမှု၊ တိမ်တောင်တိမ်လိပ်တို့၏ ရွေ့လျားမှု၊ လေပြင်းများ၏ရွေ့လျားမှုနှင့် အမြန်နှုန်းစသည်တို့အပေါ် မူတည်ပြီး လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းစသည့် မိုးလေဝသဖြစ်စဉ်များကို ပေါ်ပေါက်စေသည်။ မိုးသက်မုန်တိုင်းဟုလည်း ခေါ်ဆိုနိုင်သော မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်မှု အချိန်အတိုင်းအတာသည် အနည်းဆုံးအားဖြင့် ၁၅ မိနစ်ခန့်မှ နာရီများစွာအထိ ကြာမြင့်နိုင်သည်။

မြန်မာနိုင်ငံ၌ တစ်နှစ်တာကာလ ရာသီခွင်အတွင်း မိုးကြိုးမုန်တိုင်းဖြစ်စဉ် အများဆုံး ဖြစ်ပေါ် ကျရောက်လေ့ရှိသော ဒေသများမှာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများပင် ဖြစ်ကြသည်။ အဆိုပါဒေသများ၌ တစ်နှစ်တာအတွင်း မိုးကြိုးမုန်တိုင်းဖြစ်စဉ် ဖြစ်ပေါ်မှုမှာ ပျမ်းမျှအားဖြင့် ရက်ပေါင်း ၇၀ ကျော် ရှိနေတတ်သည်။

မိုးကြိုးမုန်တိုင်းဖြစ်စဉ်၏ လက္ခဏာတစ်ရပ်ဖြစ်သော ထစ်ချုန်းမှုဖြစ်ပေါ်နိုင်သည့် ကာလများမှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၌ နှစ်စဉ် ဇွန်လနှင့်စက်တင်ဘာလများ ဖြစ်ကြပြီး မြစ်ဝကျွန်းပေါ် ဒေသများ၌မူ နှစ်စဉ် မေလနှင့်စက်တင်ဘာလများ ဖြစ်ကြသည်။ တစ်နည်းဆိုရသော်၊ အဆိုပါ အချိန်ကာလများသည် မုတ်သုံဝင်ရောက်ချိန်နှင့် မုတ်သုံဆုတ်ခွာချိန်များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့တွင် ၁၉၇၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် အထိ နှစ်ပေါင်း ၃၀ ကာလအတွင်း ထစ်ချုန်းသည့်ရက်ပေါင်း ၁၅၅၈ ရက်ရှိခဲ့သည်။ ထိုကာလအတွင်း တစ်နှစ်ပတ်လုံးအနေဖြင့် ထစ်ချုန်းမှုဖြစ်စဉ် ဖြစ်ပေါ်မှု အများဆုံးနှစ်သည် ၁၉၉၉ ခုနှစ်ဖြစ်ပြီး ထိုနှစ်အတွင်း စုစုပေါင်း ၇၉ ရက်ရှိခဲ့သည်။ ထစ်ချုန်းမှုဖြစ်စဉ် ဖြစ်ပေါ်မှု အနည်းဆုံးနှစ်ကမူ ၁၉၈၂ ခုနှစ်ဖြစ်ပြီး ထိုနှစ်အတွင်း စုစုပေါင်း ၂၆ ရက်သာရှိခဲ့သည်။ သာမန်အားဖြင့် မုတ်သုံလေအားအလွန်ကောင်းသော ဇူလိုင်လနှင့် ဩဂုတ်လများ၌ မိုးသည်းထန်စွာရွာသွန်းပြီး ထစ်ချုန်းမှုဖြစ်စဉ် နည်းပါးလေ့ရှိသော်လည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာနေခြင်းကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ မိုးလယ်ကာလများ၌ပင် ထစ်ချုန်းသံများကို မကြာခဏဆိုသလို ကြားခဲ့ကြရသည်။

မိုးကြိုးမုန်တိုင်းဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းရင်းသည် တိမ်တိုက်အတွင်းရှိ ရေမှုန်များ အချင်းချင်းပွတ်တိုက်မိရာမှ လျှပ်စစ်စီးကူးမှုဖြစ်ပေါ်နေစဉ် အပူချိန်ကွာခြားမှု အဆမတန်မြင့်မားလာရာမှ ဒြပ်မှုန်တို့၏ သိပ်သည်းဆပမာဏကွာဟမှုကြီးမားစွာ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်နေစဉ် တိမ်လွှာထုအတွင်း အပူချိန်ကွာခြားမှုကြီးမားလာရာ၊ မြေပြင်နှင့်အနီးကပ်ဆုံးသော တိမ်လွှာထုအောက်ခြေပိုင်းမှစ၍ တိမ်တိုက်အထက်ပိုင်းအကြား အမြင့်ပေ ကွာခြားလာသည်နှင့်အမျှ အပူချိန်ကလည်း ရေခဲမှတ်အောက် အလွန်အမင်းကျဆင်းမှု ဖြစ်ပေါ်လာသည်။

ထိုအခြေအနေမျိုးတွင် တိမ်လွှာထုအတွင်းရှိ ရေငွေ့များသည် အငွေ့အသွင်ဖြင့် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိကြတော့ဘဲ ရေခဲတုံးကလေးများအဖြစ် ပေါင်းစည်း စုဖွဲ့သွားကြတော့သည်။ အဆိုပါ ရေခဲတုံးကလေးများသည် အရွယ်အစားအားဖြင့် သာကူစေ့အရွယ်မှသည် သံပရာသီးအရွယ်ခန့်အထိ ဖြစ်ပေါ်လာသည်။ ထူးခြားဖြစ်စဉ်အချို့၌မူ ရေငွေ့အစုအဖွဲ့တဖြစ်လဲ ရေခဲတုံးကလေးများမှာ လိမ္မော်သီးအရွယ်ခန့်အထိပင် ရှိလာတတ်သည်။

ရေငွေ့ဘဝမှရေခဲတုံးအဖြစ်သို့ အသွင်ပြောင်းလဲသွားသော အစိုင်အခဲကလေးများသည် လေးလံလာသောကြောင့် ကမ္ဘာ့မြေဆွဲအား၏အရှိန်ဖြင့် မြေပြင်ပေါ်သို့ ကျဆင်းလာကြသည်။ ဤသည်ကို အရပ်အခေါ်အားဖြင့် မိုးသီးကြွေကျသည်ဟု သုံးနှုန်းကြသည်။ မိုးသီးများအဖြစ် ကြွေကျလာသော ရေခဲတုံးကလေးများသည် မာကျောကျစ်လျစ်မှု အဆင့်အတန်း မြင့်မားနေကြသည့်အပြင် ကမ္ဘာ့မြေဆွဲအားကြောင့် ကျဆင်းလာသော အရှိန်ကလည်း ပြင်းသည့်အတွက် မော်တော်ကားမှန်များ ကွဲအက်ခြင်း၊ နေအိမ် အဆောက်အအုံခေါင်မိုးများ ပေါက်ပြဲခြင်း၊ အဆောက်အအုံပြတင်းမှန်များ ကွဲအက်ခြင်း၊ လူကိုထိမှန်ပါက ထိခိုက်ဒဏ်ရာရခြင်းမှသည် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ခြင်း၊ လမ်းမများပေါ်သို့ ကျရောက်နေသည့် မိုးသီးများကြောင့် မော်တော်ကားနှင့် ဆိုင်ကယ်၊ စက်ဘီး စသည်တို့ လမ်းချော်ခြင်းများကို ကြုံတွေ့ကြရနိုင်သည်။

မိုးသီးကြွေကျသည့်အခါ အဆိုပါ မိုးသီးအစိုင်အခဲကလေးများထဲ၌ အလွန်နိမ့်သည့်အပူချိန်တွင် ရှင်သန်နိုင်သော ဘက်တီးရီးယားပိုးများ ကပ်ငြိပါဝင်လာနိုင်သည့်အတွက် မိုးသီးကို ရေခဲတုံးအမှတ်ဖြင့် စားသုံးခြင်းကို မပြုလုပ်သင့်ကြပေ။

မြန်မာနိုင်ငံအနေဖြင့် တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသည် မိုးကြိုးမုန်တိုင်းကို အများဆုံးကြုံတွေ့ကြရနိုင်သော ဒေသများဖြစ်သည့်အတွက် အဆိုပါအရပ်ဒေသများ၌ ရံဖန်ရံခါ မိုးသီးကြွေကျခြင်းမျိုးပါ ဖြစ်ပေါ်လာနိုင်သည်။ ထို့အတူ ပြောင်းလဲလာနေသော ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ကြီးကြောင့် မြန်မာနိုင်ငံ၏ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်ကြီးကလည်း လိုက်လျောညီစွာ ပြောင်းလဲလာနေသည်ဖြစ်ရာ၊ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအကြား မြို့ရွာများသည်လည်း မိုးသီးကြွေကျခြင်းဖြစ်စဉ်နှင့် ကြုံတွေ့ကြရနိုင်သည်ကို သတိပြုကြရမည် ဖြစ်ပေသည်။ ။

# နိုင်ငံတော်တည်ဆောက်ရေးစွမ်းအားအတွက် လိုအပ်သော ဂျီတီအိုင်ကျောင်းသားများ မွေးထုတ်ပေးနိုင်တော့မည်



**ရန်ကုန် ဒီဇင်ဘာ ၆**

အကြောင်းအမျိုးမျိုးကြောင့် ကာလအတန်ကြာ ပိတ်ထားသော အင်းစိန်ဂျီတီအိုင်ကျောင်းကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးစွမ်းအားအတွက် အမှန်ပင်လိုအပ်နေသော ဂျီတီအိုင်ကျောင်းသား ကျောင်းသူများကို ပိုမိုမွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း အင်းစိန်ဂျီတီအိုင်မှ ပါမောက္ခ (အငြိမ်းစား)ဒေါ်ခင်တင့်ကပြောသည်။

"အင်းစိန်ဂျီတီအိုင်ကျောင်းဟာ မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်လှစ်ခဲ့တဲ့ကျောင်းကြီး ဖြစ်ပါတယ်၊ ဒီကျောင်းကနေ မွေးထုတ်လိုက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံတော်တည်ဆောက်ရေး နယ်ပယ်အသီးသီးမှာ ဝင်ရောက်လုပ်ကိုင်ကြပါတယ်၊ ပုဂ္ဂလိကပိုင်းမှာလည်း ကျွမ်းကျင်ပညာရှင်တွေအဖြစ် ရပ်တည်နိုင်ကြပါတယ်၊ အခုဒီကျောင်းကြီးကို ပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်လို့ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်နေတဲ့ ပညာရှင်တွေကိုမွေးထုတ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ဒေါ်ခင်တင့်က ပြောသည်။ ဒီဇင်ဘာ ၄ ရက်က ရန်ကုန်မြို့ M3 food စင်တာ၌ ပြုလုပ်သော ဂျီတီအိုင်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ကာလအတန်ကြာပိတ်ထားသော အင်းစိန်ဂျီတီအိုင်ကျောင်းကို ဒီဇင်ဘာ ၁ ရက်မှ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်မှုမှာ ယခင်က ဖွင့်လှစ်ခဲ့သော သုံးနှစ်သင် သင်တန်းအတိုင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဂျီတီအိုင်ကျောင်း ၂၄ ကျောင်း ရှိခဲ့ဖူးသည်။ နည်းပညာကောလိပ်နှင့် တက္ကသိုလ်များဖွင့်လှစ်ခဲ့ပြီးနောက် ယင်းကျောင်းများကို ပိတ်ထားခဲ့ကာ နည်းပညာတက္ကသိုလ်လက်အောက်တွင် ဂျီတီအိုင်ကို နှစ်နှစ်သင်တန်းအဖြစ်သာ ဖွင့်လှစ်ပေးထားခဲ့သည်။ ယင်းသင်တန်းမှာ ထိရောက်အောင်မြင်မှုမရှိ၍ ယခုအခါ သုံးနှစ်သင်သည့် သင်တန်းကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ဖလမ်းမြို့နယ်၌ သင်ထောက်ကူပစ္စည်း ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပ

**ဖလမ်း ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်ထောက်ကူပစ္စည်း ပြပွဲပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်က ဖလမ်းမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးသောခ်ဆန်းက ရှင်းလင်းတင်ပြကာ ခရိုင်ပညာရေးမှူး ဦးအေးကိုမြင့် ဦးဆောင်သော ဒိုင်အဖွဲ့များက ကျောင်းအလိုက်ပြသထားသော သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး အကဲဖြတ် အမှတ်ပေးခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပကာ ခရိုင်ပညာရေးမှူးက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ပြပွဲ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းများသို့ ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"ဒီပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ လူငယ်တွေ ကျောင်းသား ကျောင်းသူတွေ သင်ကြားသင်ယူမှု တတ်မြောက်မှုအခွင့်အလမ်းမြင့်မားဖို့ရည်ရွယ်ပြီးတော့ လုပ်တာပါ၊ နောက်တစ်ချက်ကတော့ ကျောင်းသား ကျောင်းသူများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီးတော့ သူတို့ရဲ့ တီထွင်ကြံဆမှုတွေကို လက်တွေ့အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် လုပ်တာပါ၊ ကျောင်းသား ကျောင်းသူ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် စုပေါင်းပြီးတော့ လုပ်တတ်တဲ့ အလေ့အကျင့်လေးတွေ၊ နောက်ပြီးတော့ သူတို့ရဲ့ တီထွင်ကြံဆမှုတွေကို ပြသဖို့အတွက် အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်" ဟု ခရိုင်ပညာရေးမှူးက ပြောသည်။

အဆိုပါ သင်ထောက်ကူပစ္စည်း ပြပွဲ ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ကိုးကျောင်းမှ သမိုင်းမှတ်တမ်းများ၊ သင်ထောက်ကူပစ္စည်းများကို ပြသထားပြီး ခရိုင်အဆင့် သင်ထောက်ကူပစ္စည်းများ ပြပွဲပြိုင်ပွဲကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မတူညီသည့် ယဉ်ကျေးမှု၊ ဓလေ့၊ ဘာသာစကားများကို မြန်မာကျောင်းသားအဖွဲ့လေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများအား မိမိတို့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့အကောင်းဆုံး ကြိုးစားခြင်းကို တွန်းအားပေးနိုင်ရန် ရည်ရွယ်ကာ MNTV ရုပ်သံတွင် ဆမ်ဆောင်းမြန်မာက Samsung Quiz Show: Answer Right and Make Your Future Bright အစီအစဉ်ကို ဇွန် ၃၀ ရက်ကပင် စတင်ကျင်းပခဲ့သည်။

အဆိုပါ အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ပညာရေး၏ တန်ဖိုးကြီးမားပုံကို မီးမောင်းထိုးပြပြီး လူငယ်များအား ပြင်ပဗဟုသုတကြွယ်ဝမှု၏ အကျိုးကျေးဇူးကို ပိုမိုသိရှိနားလည်လာစေရန်ဖြစ်ကာ ခြောက်လတာ အပြင်းအထန် ပြိုင်ဆိုင်ပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ အထူးချွန် အထက်မြက်ဆုံးသော ကျောင်းသား ကျောင်းသူများကို ဒီဇင်ဘာလမကုန်မီ ထုတ်ဖော်ပြသနိုင်တော့မည် ဖြစ်သည်။ ပြိုင်ပွဲနောက်ဆုံးအဆင့်သို့ မရောက်မီ ဆန်ခါတင်အဆင့်အထိ အနိုင်ရရှိလာသည့် ကျောင်းသား ကျောင်းသူများအား ကိုရီးယားနိုင်ငံသို့ ဒီဇင်ဘာ ၃ ရက်က ပို့ဆောင်ကာ မတူညီသည့် ယဉ်ကျေးမှုများ၊ နောက်ဆုံးပေါ် နည်းပညာဆိုင်ရာဗဟုသုတများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

"Samsung Quiz Show အစီအစဉ်ဟာ သာမန် TV အစီအစဉ်တစ်ခုသက်သက်မဟုတ်ပါဘူး၊ ဒီအစီအစဉ်ကတစ်ဆင့် မြန်မာနိုင်ငံက ကျောင်းသားလူငယ်လေးတွေဟာ ကျောင်းစာမှာရော ပြင်ပဗဟုသုတတွေမှာပါ ဘယ်လောက်ထူးချွန်ထက်မြက်ကြသလဲဆိုတာကို ထုတ်ဖော်ပြသချင်တာပါ၊ အခုကိုရီးယားနိုင်ငံခရီးစဉ်အတွင်းမှာလည်း မြန်မာသံအမတ်ကြီးကို သွားရောက်ဂါရဝပြုခွင့်ရခဲ့ပြီး ကျောင်းသားလေးတွေကို သံအမတ်ကြီးက အမှတ်တရစကားတွေ ပြောကြားပေးခဲ့ပါတယ်၊ ဒါဟာ သူတို့ဘဝအတွက် တကယ့်အမှတ်တရဖြစ်မှာပါ"ဟု Samsung Myanmar မှ PR and Citizenship Manager ကိုစိုးသူရက ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံ နှစ်နိုင်ငံအကြား မတူညီသည့် ယဉ်ကျေးမှုများအား လေ့လာနိုင်ရန်အတွက် Joseon မင်းဆက်တွင် တည်ဆောက်ခဲ့သည့် အကြီးမားဆုံး နန်းတော် ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် Gyongbok Palace သို့လည်းကောင်း ၊ တိုးတက်နေသည့် နည်းပညာများအား လေ့လာနိုင်ရန်အတွက် Samsung Innovation Museum နှင့် Samsung D'light Store သို့လည်းကောင်း၊ လူငယ်များအတွက် ပညာရေး၏ အရေးပါမှုကို ပိုမိုသိရှိလေ့လာနိုင်ရန်အတွက် Sunggyunkwan University သို့လည်းကောင်း ခရီးစဉ်အတွင်း သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

ထို့အပြင် ခရီးစဉ်တစ်လျှောက်တွင် ကိုရီးယားနိုင်ငံရှိ Nami Island အပါအဝင် အခြားသောအထင်ကရ နေရာဒေသများသို့လည်း သွားရောက်လည်ပတ်ခဲ့ကာ မတူညီသည့် ယဉ်ကျေးမှု၊ ဓလေ့၊ ဘာသာစကားနှင့် လူနေမှုစရိုက်များကို လေ့လာသွားကြမည်ဖြစ်သည်။

ခရီးစဉ်အတွင်းပါဝင်ခဲ့ပြီး ဆန်ခါတင် အနိုင်ရရှိသူတစ်ဦးဖြစ်သည့် မဖူးပွင့်ခိုင်က "အဖွဲ့သား၊ အဖွဲ့သူတွေအားလုံးရဲ့ကြိုးစားအားထုတ်မှုတွေကြောင့် ဆန်ကာတင်အဆင့်အထိ ရောက်ရှိလာသလို ကိုရီးယားခရီးစဉ်မှာလည်း လိုက်ပါလေ့လာရတာ အတိုင်းမသိ ဝမ်းသာမိပါတယ်၊ ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတဲ့ ယဉ်ကျေးမှုတွေ၊ Samsung Innovation Museum နဲ့ Samsung D'Light Store တွေကို ဝင်ရောက်လည်ပတ်ပြီး တိုးတက်နေတဲ့ နည်းပညာတွေ အကြောင်းကို လေ့လာခဲ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

**သွန်းဝသန်**

# နှစ်ကျိုပ်ရှစ်ဆူ ဆင်းတုတော်များ မြစ်ကြီးနားမြို့တွင်း လှည့်လည်အပူဇော်ခံ

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်၊ ကျေးရွာများ နယ်မြေအေးချမ်းသာယာပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် ရည်ရွယ်၍ နှစ်ကျိုပ်ရှစ်ဆူ ဆင်းတုတော်များကို မြို့ပေါ်ရပ်ကွက် အသီးသီးတွင် ယာယီကိန်းဝပ်စံပယ်တော်မူစေပြီး ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် ပြည်နယ်အစိုးရက ကြီးမှူး၍ (၁၈)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဆင်းတုတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ကျင်းပခဲ့သည်။

ဆင်းတုတော်များ လှည့်လည်အပူဇော်ခံပွဲတွင် ရပ်ကွက်အသီးသီးမှ ဆင်းတုတော်များကို ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြကာ သာသနာ့ဗိမာန်တော်ကြီးမှစတင်၍ မြို့တွင်းလှည့်လည်ခဲ့ပြီး လမ်းတစ်လျှောက်တွင် မြို့နေပြည်သူများက ဖူးမြော်ကြည်ညိုကာ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# AIDS တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကျန်းမာရေးဟောပြောပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့(World AIDS Day) အထိမ်းအမှတ်နှင့် ကျန်းမာရေးပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က မြစ်ကြီးနားမြို့ Community Centre အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အဖွင့်မိန့်ခွန်းကို ဖတ်ကြားပြီး မြစ်ကြီးနားမြို့ခုခံအားကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ခေါင်းဆောင်ဆရာဝန် ဒေါက်တာနော်လွမ်က ခုခံအားကျ ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပကာ မြစ်ကြီးနားမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ပြည်နယ်အထူးကုသမားတော်ကြီး ဒေါက်တာနေဝင်း၊ မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်နိုင်၊ ဒေါက်တာနော်လွမ်၊ SARA အဖွဲ့မှ ညှိနှိုင်းရေးမှူး ဒေါက်တာထွန်းထွန်းဘရန်နှင့် လူငယ်အဖွဲ့မှ မသွယ်သွယ်မိုးတို့က HIV ရောဂါကူးစက်ပုံ၊ ကာကွယ်ရေး၊ ကုသရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာ၊ ART ဆေးရရှိနိုင်သော ဌာနများနှင့် မက်သဒုံးအစားထိုးတိုက်ကျွေးသည့် ဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဟောပြောကြကာ တက်ရောက်လာကြသူများက HIV နှင့်ပတ်သက်၍ သိရှိလိုသည့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်း(အမ်ပီဂျီ)မှ HIV ဘဝတူအချင်းချင်း စာနာပေးခြင်းလုပ်ငန်းများကို တေးသရုပ်ဖော်သီချင်းများနှင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် NGO၊ INGO အဖွဲ့များကလည်း ကျန်းမာရေးအသိပညာပေး နံရံကပ်ဘုတ်များ ပြသခြင်းနှင့် HIV အခမဲ့ စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ဂျာမန်နှင့် ကနေဒါနိုင်ငံသား ဧည့်သည်များ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် လာရောက်လည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ခရီးသွားပွင့်လင်းရာသီ ရောက်ရှိလာသည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်းဝင်ပေါက်များနှင့် နယ်စပ်ဝင် ထွက်ပေါက်များမှတဆင့် အုပ်စုလိုက်၊ တစ်ဦးချင်းသော်လည်းကောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း စဉ်ဆက်မပြတ် ဝင်ရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဂျာမန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခုနစ်ဦးသည် နိုဝင်ဘာ ၆ ရက်တွင် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် သုံးစီးဖြင့် မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ပြီး မြဝတီ-ဖြူး- ၁၁၅ မိုင်-အင်းလေး-ပင်းတယ-မန္တလေး-ပုပ္ပား-ပုဂံ-မကွေး-ပြည်-ငပလီ-ဂွ-ရေကြည်-ပန်းတနော်-ရန်ကုန် ခရီးစဉ်များကို သွားရောက်၍ ခရီးစဉ်တစ်လျှောက်ရှိ ခရီးသွားဆွဲဆောင်မှုရှိသော နေရာများကိုလည်ပတ်ခဲ့ကြကာ နိုဝင်ဘာ ၂၁ ရက်တွင် မြဝတီမြို့မှတစ်ဆင့် မဲဆောက်မြို့သို့ ပြန်လည် ထွက်ခွာသွားကြသည်။

ထို့အပြင် ကနေဒါနိုင်ငံသားဧည့်သည်တစ်ဦးသည် ၎င်း၏ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ဖြင့် နိုဝင်ဘာ ၆ ရက်မှ ၂၇ ရက်အထိ ရန်ကုန်-တောင်ငူ-နေပြည်တော်-လွိုင်ကော်-ညောင်ရွှေ-အင်းလေး-ပင်းတယ- မန္တလေး -ပုဂံ-မုံရွာ-ဂန့်ဂေါ-ကလေး-တမူးမြို့များသို့ သွားရောက်လည်ပတ်ခဲ့သည်။

**သတင်းစဉ်**

# လက်ပံတန်းဈေးကြီးတွင် မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲ ကျင်းပ

**လက်ပံတန်း ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်ပုံ သရုပ်ပြဇာတ်တိုက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှ မီးလောင်မှုဖြစ်ပွားပါက ဈေးတွင်းသို့ မော်တော်ယာဉ်များဖြင့် ဝင်ရောက်မီးငြိမ်းသတ်ခြင်း၊ ဈေးပြင်ပမှ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြငြိမ်းသတ်ပြရာ ခရိုင်မီးသတ်ဦးစီးမှူးမှ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။ မြို့မဈေးကြီးတွင် အခွန်ထမ်းဆိုင်ခန်းပေါင်း ၆၉၂ ခန်းနှင့်ပုံကျဈေးသည်ပေါင်း ၁၀၀၀ ကျော်ရှိပြီး ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစင်နှင့် ရေဂါလန် ၃၀၀၀ ဝင် ရေလှောင်ကန်ငယ်များထားရှိသည့်အပြင် ဈေးတွင်း ၊ ဈေးပြင်များတွင်လည်း ရေငုတ်ပေါင်း ၁၂ ငုတ် ထားရှိကြောင်း သိရသည်။

**အောင်ဆင့်**

# ဈေးချို တတိယထပ်နှင့် စတုတ္ထထပ်မှ လစ်လပ်နေရာများတွင် ဈေးဝယ်စင်တာကဲ့သို့ ဆိုင်ကြီးများကို အဓိက ငှားရမ်းခွင့်ပေးမည်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးဈေးချိုတော် တတိယထပ်နှင့် စတုတ္ထထပ်တို့ရှိ လစ်လပ်နေသော ဆိုင်ခန်းနေရာများတွင် ဈေးဝယ်စင်တာကဲ့သို့ ဆိုင်ကြီးများဖွင့်လှစ်မည်ဆိုပါက အဓိက ငှားရမ်းခွင့်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောကြားသည်။

"ရည်ရွယ်ချက်ကတော့ ဈေးချိုကို ရောင်းသူ၊ ဝယ်သူတွေနဲ့ စည်စည်ကားကားဖြစ်စေချင်လို့ပါ၊ ဈေးချိုအပေါ်ထပ်မှာ မဖွင့်တော့တဲ့ဆိုင်တွေလည်းရှိတယ်၊ ဟိုအရင်ကတည်းက လွတ်နေတဲ့ ကလေးကစားကွင်းလိုနေရာလည်း ရှိနေပါတယ်၊ Super Market နဲ့ City Mart လို ဆိုင်ကြီးတွေ ဖွင့်လှစ်လိုသူတွေကို အဓိကငှားရမ်းချင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထိုကဲ့သို့သော ဆိုင်ကြီးများ ဖွင့်လှစ်ရန် ငှားရမ်းလိုသူများကို နှစ်ရှည်ငှားရမ်းခွင့်ပေးသွားမည်ဖြစ်ပြီး အဆိုပါဆိုင်ကြီးများ ဖွင့်လှစ်ပါက ဈေးဝယ်သူများအတွက် အဆင်ပြေစေရန် လာမည့်နှစ်တွင် ဓာတ်လှေကားတစ်စင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငှားရမ်းလိုသူတွေကို လက်ခံနေပါပြီ၊ ဓာတ်လှေကားတပ်ဖို့အတွက်တော့ ဘတ်ဂျက်တင်ထားပါတယ်၊ ဘတ်ဂျက်ကျလို့ တည်ဆောက်ပြီးသွားရင်တော့ အပေါ်တက်ရတာလွယ်ကူသွားမှာပါ၊ လက်ရှိအချိန်မှာတော့ ဈေးချိုမှာရှိတဲ့ စက်လှေကားတွေကိုလည်း ပြင်ဆင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်၌ ဈေးချိုတော် တတိယထပ်နှင့် စတုတ္ထထပ်တို့တွင် ဈေးဝယ်များမရှိသော်လည်း အချို့ဆိုင်ခန်းများမှာ ဖွင့်လှစ်ထားကြပြီး အချို့ဆိုင်ခန်းပိုင်ရှင်များက ဆိုင်ခန်းကို အသုံးမပြုသော်လည်း ကျသင့်သည့် အခွန်ငွေများကို ပေးဆောင်နေကြောင်းနှင့် ထိုနေရာများတွင် ဆိုင်ကြီးများဖွင့်ရန် ငှားရမ်းမည့်သူများရှိပါက လက်ရှိဆိုင်ခန်းပိုင်ရှင်များ မနစ်နာစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ဈေးချိုတော် အကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူး ဦးမင်းမင်း၏ ပြောကြားချက်အရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား)တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေး



**မြစ်ကြီးနား ဒီဇင်ဘာ ၆**

သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ တောင်တန်းသာသနာပြု ကျောင်းတိုက်ဝင်းအတွင်း ဖွင့်လှစ်ထားသော သီတဂူစက္ခုဒါန ဆေးရုံတော်(မြစ်ကြီးနား)တွင် ဒီဇင်ဘာ ၄ ရက်မှ စတင်၍ မျက်စိဝေဒနာရှင်များအား အဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"မျက်စိဝေဒနာရှင်တွေကတော့ ဒီနေ့အထိ စာရင်းပေးသွင်းနေတုန်းပါပဲ၊ မနေ့ကအထိ စာရင်းပေးသွင်းမှုကတော့ မျက်စိဝေဒနာရှင် ၂၆၀၀ ကျော်ရှိပါပြီ၊ ပါရဂူကြီးတွေကတော့ သီတဂူ ဗုဒ္ဓတက္ကသိုလ် ဆေးရုံတော်က မျက်စိအထူးကုပါရဂူ ပါမောက္ခ ဒေါက်တာမြအောင်နဲ့ အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးမှာပါ၊ တစ်ရက်ကို မျက်စိဝေဒနာရှင် ၅၀၀ ကျော် စမ်းသပ်ကြည့်ရှုပေးပြီး ဆရာဝန်ကြီးတွေရဲ့ ခွဲစိတ်မှုကို လိုအပ်တယ်လို့ ယူဆရတဲ့လူနာတွေကို ဒီဇင်ဘာ ၄ ရက်ကနေ ၇ ရက်အထိ ခွဲစိတ်ကုသပေးသွားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါ သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား) တွင် မျက်စိခွဲစိတ်ကုသပေးရာ၌ အခမဲ့ ခွဲစိတ်ကုသပေးသည့်အပြင် စမ်းသပ်ခံ ခွဲစိတ်ကုသမည့် လူနာနှင့် လူနာစောင့်များအတွက် နေထိုင်စားသောက်ရေးများကိုပါ သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား) အထောက်အကူပြုအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ လစဉ်ပုံမှန် အစည်းအဝေးကို ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့)က နတ်မောက်လမ်းသွယ်(၁) လမ်းရှိ ရန်ကုန်တိုက်ခွဲတွင် ကျင်းပရာ အဖွဲ့သို့ သန်လျင်မြို့နေ ဦးမင်းသိန်းကျော် (မြန်ရွှေဥဒေါင်းမင်းနှင့် မဟာနဝရတ်မြေ ဆောက်လုပ်ရေးကုမ္ပဏီ)မှ ငွေကျပ် နှစ်သိန်းကို အလှူရှင်ကိုယ်စား အဖွဲ့အတွင်းရေးမှူး ဦးသန်းဝင်းက အဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းစဉ်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## မှုခင်းသတင်းတိုများ

### ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်ရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ (ဦးစီး) ဒုတိယရဲမှူး မျိုးမြင့်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့လက်အောက် (၆) မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ၊ ဖိတ်ကြားထားသော မိတ်ဖက်အဖွဲ့အစည်းများမှ ရဲအရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းနည်းပြဆရာများ တက်ရောက်ကြသည်။

**ကျော်သန်း(မော်လမြိုင်)**

### မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ငပုတောမြို့နယ် ကျောက်ပုံကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားပြီး နေအိမ်ကိုးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ နော်ဖိုးဒါး(၄၈ နှစ်)၏ နေအိမ်ရှိ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မီးကို ပေါ့ဆစွာအသုံးပြုသူ နော်ဖိုးဒါးအား ငပုတောမြို့နယ်ရဲစခန်း၌ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှမင်းထွန်း(ပြန်/ဆက်)**

### ဆိုင်ကယ်တိမ်းမှောက်ပြီး ကားအောက်ရောက်သွား၍ပြင်းထန်စွာဒဏ်ရာရ

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်တိုက်နယ်ဆေးရုံရှေ့၌ ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီခန့်က လူငယ်တစ်ဦး ဆိုင်ကယ်တိမ်းမှောက်၍ တစ်ဖက်ယာဉ်ကြောမှလာသောကား၏ နောက်ဘီးအောက်သို့ရောက်သွားပြီး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ မောင်ပုတု(၁၇ နှစ်)သည် နံပါတ်မပါ လိုင်စင်စိစစ်ဆဲဆိုင်ကယ်ကို မောင်းနှင်လာစဉ် လမ်းမပေါ်ရှိခွေးတစ်ကောင်ကို တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ပြီး တစ်ဖက်ယာဉ်ကြောမှ ယာဉ်မောင်း ကိုကရင် မောင်းလာသည့် ထော်လာဂျီ၏ နောက်ဘီးဖြင့် ကြိတ်မိကာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်တွင် မဆင်မခြင်ယာဉ်မောင်းသူများအား သိမ်ဆိပ်နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိပြီး ဒဏ်ရာရရှိသူအား သိမ်ဆိပ်တိုက်နယ်ဆေးရုံတွင် အရေးပေါ်ကုသပေးကာ ရန်ကုန်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မွေးမြူရေးကဏ္ဍ တိုးတက်ရေးအတွက် နွားမေထုန်မဲ့သားစပ်ခြင်း သင်တန်းဖွင့်

**တောင်ကြီး ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၏ မွေးမြူရေးကဏ္ဍ တိုးတက်ရေးနှင့် မွေးမြူရေးထွက်ကုန်များ ဈေးကွက်မြင့်မားရေးမှတစ်ဆင့် ဒေသရှိ နွားမွေးမြူသူများ၏ လူနေမှုဘဝတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ နွားမေထုန်မဲ့သားစပ်သင်တန်းကို တောင်ကြီးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး နောင်ရင်းခန်းမ၌ ဒီဇင်ဘာ ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်အောင်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် သင်တန်းသားများက နွားမေထုန်မဲ့ သားစပ်လုပ်ငန်းများ ဒေသတွင်း ဆောင်ရွက်လာပါက မျိုးနွားသိုး သီးသန့်မွေးမြူရန် မလို၍ ထိန်းသိမ်းစရိတ်သက်သာခြင်း၊ မျိုးကောင်းမျိုးသန့် နွားသိုးတစ်ကောင်တည်းမှ မျိုးချောင်းများထုတ်လုပ်၍ နွားမအမြောက်အမြားကို သားစပ်ပေးနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့် နွားမတစ်ကောင်တည်းမှ မျိုးရည်ခဲချောင်းများထုတ်၍ နှစ်ကာလကြာသည်အထိ သိုလှောင်ထားရှိ သားစပ်ပေးနိုင်ခြင်း၊ အချိန်တိုအတွင်း မျိုးကောင်းမျိုးသန့်နွားများ တိုးပွားလာခြင်း၊ မျိုးပွားအင်္ဂါမှတစ်ဆင့် ကူးစက်သည့်ရောဂါများကို ကာကွယ်နိုင်ခြင်း၊ အသားနှင့် နို့ထုတ်လုပ်မှုမြင့်တက်လာ၍ မွေးမြူသူများ၏ ဝင်ငွေတိုးတက်လာခြင်း၊ လူမှုစီးပွားဘဝ အဆင့်အတန်း မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တောင်ကြီးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေးလုပ်ငန်းအဖွဲ့မှ သင်တန်းသား ၂၀၊ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်မှ မွေးမြူရေးဆိုင်ရာ အမှုထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း သင်တန်းသား ၄၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို စာတွေ့လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဖန်းမော် ဒီဇင်ဘာ ၆**

ဖန်းမော်ခရိုင်လူမှုဝန်ထမ်းရုံးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ဖန်းမော်ခရိုင်ရုံးခွဲ) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ဖန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး ဦးသန်းထွန်းအောင်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (ဖန်းမော်ခရိုင်ရုံးခွဲ) ဥက္ကဋ္ဌ အရှင်သြသက အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ရန်ကုန်)မှ ဦးနေလင်းစိုးက ကောင်စီလာဆိုင်ရာ မသန်စွမ်းသူများနေ့ ဖြစ်ပေါ်လာရခြင်း၊ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် မသန်စွမ်းသူများဖြစ်သော မောင်ကျော်ဆန်း၊ မောင်ဇော်ရိန်မြတ်နှင့် ဒေါ်ရွှယ်တောင်တို့က မသန်စွမ်းသူများအနေဖြင့် ကြုံတွေ့ရသော အခက်အခဲ အတားအဆီးများအကြောင်းနှင့် ရင်တွင်းခံစားချက်များကို ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (ရန်ကုန်) မှ CEO ဒေါ်ယုယသူက ကျေးဇူးတင်စကားပြောကြားပြီးမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **ဆီမီးခုံ -နန်းရီ**



## မော်လူး ဒီပင်္ကရာစေတီတော်ကြီးတွင် တင်လှူမည့် စိန်ဖူးတော်နှင့်ထီးတော် ကြိုဆိုပွဲကျင်းပ

**အင်းတော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ (၉)တိုက်နယ်မှ ပြည်သူများကိုးကွယ်ကြသည့် သမိုင်းဝင် ဒီပင်္ကရာ စေတီတော်မြတ်ကြီးကို အသစ်တစ်ဖန်ပြန်လည် မွမ်းမံတည်ထားကိုးကွယ်ရန်အတွက် ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ထီးတော်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အသစ်တစ်ဖန် ပြန်လည်မွမ်းမံမည့် စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်ကြမည့် စိန်ဖူးတော်နှင့် ထီးတော်ကို မန္တလေး မဟာမြတ်မုနိရုပ်ပွားတော်၌ ရင်ငွေ့လှုံစေခဲ့ပြီး မန္တလေးမှ မော်လူးသို့ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတိုင်း မြို့ရွာများကို ဖြတ်သန်း အပူဇော်ခံခဲ့ကြောင်း၊ ထို့နောက် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် စိန်ဖူးတော်နှင့် ရွှေထီးတော်မြတ်အား မန္တလေးမြို့ မဟာဂန္ဓာရုံဆရာတော် ဦးသုဇနဘိဝံသနှင့် မော်လူးဒေသမှ ဆရာတော်များ၊ အင်းတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များက မော်လူး-နန့်ဒရန့်တံတားမှ စုစုပေါင်း ကားအစီး ၅၀ ကျော်တို့ဖြင့် သွားရောက်ကြိုဆို၍ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိန်ဖူးတော်ကြီး၏ တန်ဖိုးမှာ ကျပ်သိန်းပေါင်း ၁၂၀၀ ကျော် တန်ဖိုးရှိပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သူတော်တောရဆရာတော်နှင့် မဟာဂန္ဓာရုံကျောင်းဆရာတော် ဦးသုဇနာဘိဝံသ အပါအဝင် အလှူရှင်များက စုပေါင်းကုသိုလ်ပါဝင်ခဲ့ကြောင်း၊ ရွှေထီးတော်မှာ ကျပ် ၁၀၈ သိန်း တန်ဖိုးရှိပြီး မန္တလေးမြို့နေ ဦးအောင်မင်း- ဒေါ်ကြည်ကြည်လင်း (ကြံတိုင်းအောင်မိသားစု)တို့က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

# ကျေးလက်နေပြည်သူများအတွက် အခြေခံ လယ်ယာသုံးစက်ပြင်သင်တန်းဖွင့်

**မြောင်းမြ ဒီဇင်ဘာ ၆**

ကျေးလက်နေပြည်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင်ပြုပြင်သုံးစွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အမှတ် ၄ အလတ်စားစက်ပြင်အလုပ်ရုံတို့ ပူးပေါင်း၍ အခြေခံစက်ပြင်သင်တန်းကို ဒီဇင်ဘာ ၄ ရက်က မြောင်းမြမြို့ အလတ်စား စက်ပြင် အလုပ်ရုံ၌ ဖွင့်လှစ်ခဲ့သည်။

"ကျေးလက်နေပြည်သူတွေ မိမိတို့လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုနေတဲ့ စက်ပစ္စည်းတွေ ချွတ်ယွင်းမှုကြုံတွေ့ရင် လုပ်ငန်းခွင်နှောင့်နှေးကြန့်ကြာမှု မရှိရလေအောင် ကိုယ်တိုင်ပြုပြင်လုပ်ကိုင်တတ်စေရန်နဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုတတ်မြောက်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်"ဟု မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းစိုးက ပြောကြားသည်။

သင်ကြားပို့ချမည့် အမှတ် ၄ အလတ်စား စက်ပြင် အလုပ်ရုံမှ စက်ရုံမှူး ဦးသန်းဦးက "အခြေခံ စက်ပြင်သင်တန်းမှာ တစ်လုံးထိုးအင်ဂျင်နဲ့ ဂီယာဘောက်တွေ ပြုပြင်ထိန်းသိမ်းနည်းများကို အခြေခံကစပြီး သင်ကြားပြသပေးသွားမှာပါ"ဟု ပြောကြားသည်။

အဆိုပါ တစ်လုံးထိုးအင်ဂျင် ထိန်းသိမ်းပြုပြင်ရေးသင်တန်းသို့ မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကာ အလတ်စားစက်ပြင်အလုပ်ရုံမှ စက်ပြင်ဆရာများက စာတွေ့လက်တွေ့ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျောင်းကုန်းကျေးရွာ(အမက)ကျောင်းသို့ ဒီဇင်ဘာ ၄ ရက်က ကွင်းဆင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝင်းလေး ဦးဆောင်သော ဝန်ထမ်းများက ကျောင်းကုန်းကျေးရွာ(အမက)ကျောင်းသို့ ကွင်းဆင်းကာ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဖြစ်သော နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ စာပေ၏အကျိုးကျေးဇူးများကို ဟောပြောခြင်း၊ မိုဘိုင်းစာငှားလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ကျောင်းသားကျောင်းသူများအား ပုံပြင်ပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းက ယခုလို လာရောက်ဆောင်ရွက်ပေးခြင်းအတွက်



များစွာကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ကျောင်းကုန်းကျေးရွာ (အမက) ကျောင်း၌ ဆရာ ဆရာမခြောက်ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၀၇ ဦး ရှိကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လွှတ်တော်ရန်ပုံငွေပေးအပ်

**မိုးနဲ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ် သိန်း ၁၀၀၀ ပေးအပ်ပွဲကို ဒီဇင်ဘာ ၄ ရက်က မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစန်သိန်းက အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းလုပ်ငန်း ၁၂ ခု၊ တံတားလုပ်ငန်း ခုနစ်ခုနှင့် ရေပေးဝေရေးလုပ်ငန်း လေးခုတို့အတွက် ပထမအရစ်အဖြစ် ငွေကျပ်သိန်း ၅၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးရေ ပေးဝေရေးအတွက် ကြိုတင်ဆောင်ရွက်နေ

**ပဲခူး ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးလုပ်ငန်းများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း မကြာမီ စတင်စိုက်ပျိုးတော့မည့် နွေစပါးများအတွက် လိုအပ်သော စိုက်ပျိုးရေများ လုံလောက်စွာ ပေးဝေနိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အုပ်ချုပ်မှုအောက်ရှိ ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေလှောင်ကန်များ၊ လျှပ်စစ်မြစ်ရေတင်များမှ ရေများဖြင့် နွေစပါးစိုက်ပျိုးရေ၊ ရေကျနောက်စိုက်အောင်ရေများ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်လမ်းညွှန်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုများမှ ပဲခူးခရိုင် သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့အတွင်း နွေစပါးစိုက်ပျိုးရေ ပေးဝေနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် ဦးစီးအရာရှိများက ဒီဇင်ဘာ ၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးသည် သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်း တူးမြောင်းတစ်လျှောက် တူးမြောင်းအတွင်း ရေကြိုတင်သိုလှောင်ထားရှိမှု အခြေအနေ၊ မင်းရွာရေလွှဲပေါက်နှင့် တူးမြောင်းပေါ်ရှိ ရေတံခါးများ ကြံ့ခိုင်မှုအခြေအနေ၊ မင်းရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နွေစပါးစိုက်ပျိုးရေပေးဝေရေး ကြိုတင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူး-စစ်တောင်း တူးမြောင်းအတိုင်း ဝေါမြို့နယ်သို့သွားရောက်ကာ တူးမြောင်းအတွင်း ရေကြိုတင်သိုလှောင်ထားမှုအခြေအနေ၊ မြစ်ကျိုးရေတံခါးနှင့် ရေသွင်းတံခါး၊ တူးမြောင်းပေါ်ရှိ ရေတံခါးများ ကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးသည် ကွင်းဆင်းစစ်ဆေးစဉ်အတွင်း ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများအား မိမိတို့ဌာန၏ လုပ်ဆောင်မှုများသည် တောင်သူအကျိုးအတွက် အဓိက ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက် ၁၁ ချက်ကို သိရှိလိုက်နာဆောင်ရွက်ရန်အပြင် ရေပေးရာသီအတွင်း ဝန်ထမ်းများအနေဖြင့် ကွင်းအတွင်း အချိန်ပြည့်ရှိနေပြီး ဒေသခံ တောင်သူများနှင့် နွေစပါး စိုက်ပျိုးအောင်မြင်သည်အထိ နွေးထွေးစွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများကို ကိုယ်တိုင်သိရှိနားလည်ပြီး ဆောင်ရွက်ရန်၊ ဝန်ထမ်းများ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် တောင်သူအကျိုး ဆက်လက်ဆောင်ရွက်သွားရန် စသည်တို့ကို မှာကြားခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းသည် သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး အလျား ၃၇ မိုင် ၇ ဖာလုံ ရှည်လျားသည်။ ၁၈၇၈ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနက အကြီးစားပြန်လည်အဆင့်မြှင့်တင် ပြုပြင်ခဲ့ကြောင်း သိရသည်။

မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးသော အဓိက ရေနုတ်မြောင်းကြီးဖြစ်သလို နွေရာသီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်တို့တွင်သာမက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ သန်လျင်မြို့နယ်များအထိ နွေစပါးစိုက်ပျိုးရေ၊ ဒေသသုံးစွဲရေ ပေးဝေအကျိုးပြုရာ အဓိက ရေပေးမြောင်းကြီးဖြစ်ပြီး နှစ်စဉ် ဝေါ၊ သနပ်ပင်၊ ကဝ၊ ခရမ်းနှင့် သန်လျင်မြို့နယ်များအတွင်းမှ နွေစပါးစိုက်ဧက လေးသောင်းကျော်အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြည်)**



# သတ္တုတွင်းများ ဘေးအန္တရာယ်ကင်းရှင်းရေး

**စောမိုးမြင့် (သတ္တုတွင်း)**

နိုဝင်ဘာလ ၂၇ ရက်နေ့ ညနေပိုင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်နဲ့ ငဖဲမြို့နယ်အစပ်မှာရှိတဲ့ ဟန်ထက်ကျောက်မီးသွေးမြေအောက်သတ္တုတွင်းမှာ ပြိုကျမှုဖြစ်စဉ်ကြောင့် တရုတ်နိုင်ငံသားတစ်ဦး၊ တရုတ်စကားပြန်တစ်ဦးနဲ့ မြန်မာလုပ်သားခြောက်ဦး စုစုပေါင်းရှစ်ဦး မတော်တဆဖြစ်စဉ်နဲ့ သေဆုံးခဲ့ကြတာကို သတင်းစာတွေမှာ ဖတ်ရပါတယ်။ ကုမ္ပဏီရဲ့ အပြောကတော့ လုပ်ကွက်တွေကို လေပေးတဲ့ လေပိုက်ပြတ်ထွက်ပြီး အတွင်းနံရံနဲ့ အမိုးတွေကို ထောက်ထားတဲ့သစ်သားတိုင်တွေပြိုကျပြီး သတ္တုတွင်းပိတ်သွားတယ်လို့သိရပါတယ်။ ဒါပေမယ့် သတ္တုတွင်းပတ်ဝန်းကျင်က လူတွေပြောကြားချက်အရ ပေါက်ကွဲသံအကျယ်ကြီး ကြားရပြီး မိုင်းပြိုသွားတယ်လို့ ဆိုကြပါတယ်။ သတ္တုတွင်းမှာရှိတဲ့ အဆိပ်ဓာတ်ငွေ့တွေဖယ်ရှားဖို့နဲ့ သတ္တုတူးဖော်ရာမှာသုံးတဲ့ စက်တူဂွင်း (Jack Hammer နဲ့ Breaker ) တွေ သုံးဖို့ မှုတ်သွင်းရတဲ့ လေဟာဖိနှိပ်အား (Pressure)များတယ်ဆိုပေမယ့် နံရံတွေ၊ အမိုးတွေထောက်ကန်ထားတဲ့ ဒေါက်တိုင်တွေ ပြိုကျလောက်အောင် ဖိနှိပ်အား (Pressure) မများပါဘူး။ ပေါက်ကွဲသံကြားရတယ်ဆိုတော့ ဖြစ်နိုင်ခြေရှိတာကတော့ မီသိန်း (Methane, $CH_4$) ဓာတ်ငွေ့ ဒါမှမဟုတ် ကျောက်မီးသွေးအမှုန်အမွှား (Coal Dust Explosion) ပေါက်ကွဲခြင်းပဲဖြစ်နိုင်ပါတယ်။

**မီးသိန်းဓာတ်ငွေ့အန္တရာယ်**

ကျောက်မီးသွေး သတ္တုကြောတွေထဲမှာ မီသိန်းဓာတ်ငွေ့တွေခိုအောင်းနေတတ်ပါတယ်။ အလားတူ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ပြီး စွန့်ပစ်ထားတဲ့ လုပ်ကွက်ဟောင်းတွေထဲမှာလည်း မီသိန်းဓာတ်ငွေ့တွေ ခိုအောင်းတတ်ပါတယ်။ ဒါကြောင့်မို့ လုပ်ကွက်ဟောင်းထဲက မီသိန်းဓာတ်ငွေ့တွေ တူးလက်စ လုပ်ကွက်တွေထဲကို စီးမဝင်အောင် ကွန်ကရစ်နံရံတွေနဲ့ ပိတ်ဆို့ (Sealed off )လုပ်ပေးရပါတယ်။

သတ္တုသိုက်တွေထဲက ကျောက်မီးသွေးတစ်တန် လုပ်လိုက်တိုင်း မီသိန်းဓာတ်ငွေ့ ၂ ဒသမ ၈၃ ကုဗမီတာကနေ ၁၇ ကုဗအထိထွက်ပေါ်လာတတ်ပါတယ်။ မီသိန်းဓာတ်ငွေ့ဟာ အရောင်အဆင်းမရှိ၊ အနံ့၊ အရသာမရှိ လေထက်ပေ့ါပါတယ်။ လေထုထဲမှာ ထုထည်အရမီသိန်းဓာတ်ငွေ့ ၅ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းရှိနေရင်၊ ကျောက်တုံးအချင်းချင်းထိမိလို့ပဲ ဖြစ်ဖြစ်၊ သစ်သားချောင်းချင်း ပွတ်တိုက်မိလို့ပဲ ဖြစ်ဖြစ်၊ မိုင်းလုပ်သား တစ်ယောက်ယောက်က မီးခြစ်မိလို့ပဲ ဖြစ်ဖြစ်၊ မီးစထွက်မိရင် သတ္တုတွင်းတစ်ခုလုံး နေရာအနှံ့ ပေါက်ကွဲမှုဖြစ်တတ်ပါတယ်။


ဓာတ်ပုံ - သန်းနိုင်ဦး

**မီးသိန်းပေါက်ကွဲမှုများ**

ကမ္ဘာမှာကျောက်မီးသွေး သတ္တုတွင်းမီသိန်းပေါက်ကွဲမှုကို ၁၈၃၉ ခုနှစ် မတ်လ ၁၈ ရက်နေ့ အမေရိကန်နိုင်ငံ (Black Heath) သတ္တုတွင်းမှာ ကြုံတွေ့ခဲ့ရပြီး သတ္တုတွင်းလုပ်သားပေါင်း ၉၃ ဦးသေကျေခဲ့ရပါတယ်။ အမေရိကန်ပင်ဆယ်ဗေးနီးယား (Pennysylvania) ပြည်နယ်တစ်ခုတည်းတွင် ၁၈၇၀ ပြည့်နှစ်မှ ၁၈၉၀ ပြည့်နှစ်အတွင်း မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှု အကြိမ် ၂၀၀ ကြုံတွေ့ခဲ့ရပြီး သတ္တုတွင်းလုပ်သားပေါင်း ၃၆၈ ဦး သေဆုံးခဲ့ကြပါတယ်။ ၂၀ ရာစု ကမ္ဘာအနှံ့ကျောက်မီးသွေး၊ သတ္တုတွင်းတွေမှာ လူအသေအပျောက်များတဲ့ မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုတွေကို အောက်ပါအတိုင်းတွေ့ရပါတယ်။

| | | | |
|---|---|---|---|
| ၁၅-၁၂-၁၉၁၄ | Mitsibishi | ဂျပန် | - ၆၈၇ဦး |
| ၂၄-၄-၁၉၂၄ | Benxihua | တရုတ် | - ၁၅၄၉ ဦး |
| ၂၁-၁-၁၉၆၀ | Coal Brook | တောင်အာဖရိက | - ၄၃၅ဦး |
| ၉-၅-၁၉၆၀ | Laobouidong | တရုတ် | - ၆၈၄ ဦး |
| - - - | Mitsui Miike | ဂျပန် | - ၄၈၅ ဦး |
| ၂၈-၅-၁၉၆၅ | Dhanbad | အိန္ဒိယ | - ၃၇၅ ဦး |
| ၆-၆-၁၉၇၂ | Wankia | ရိုဒီးရှား | - ၄၂၆ ဦး |

**ပေါက်ကွဲစေတတ်သည့်ဓာတ်ငွေ့များ၏ ထုထည်ပမာဏ**

မြေအောက်သတ္တုတွင်းများ (အထူးသဖြင့် ကျောက်မီးသွေး သတ္တုတွင်း) မှာ မီသိန်းဓာတ်ငွေ့အပြင် ပေါက်ကွဲစေတတ်တဲ့ အခြားဓာတ်ငွေ့တွေရဲ့အန္တရာယ်ဖြစ်နိုင်မယ့်ထုထည်ပမာဏကို အောက်ပါအတိုင်း စမ်းသပ်တွေ့ရှိချက်အရ သတ်မှတ်ထားပါတယ်။

**ပေါက်ကွဲစေနိုင်မည့်**

| ဓာတ်ငွေ့အမည် | အနည်းဆုံး | အများဆုံး |
|---|---|---|
| မီသိန်း | ၅ % | ၁၅ % |
| ကာဗွန်မိုနောဆိုက် | ၁၂.၅ % | ၇၄ % |
| ဟိုက်ဒရိုဂျင် | ၄ % | ၇၅ % |
| ဟိုက်ဒရိုဂျင်ဆာလ်ဖိုက် | ၄.၅ % | ၄၅ % |

ကျောက်မီးသွေး၊ မြေအောက်သတ္တုလုပ်ကွက်တွေမှာ မီသိန်းဓာတ်ငွေ့ထုထည်ပမာဏ ၁ ရာခိုင်နှုန်းထက် များနေရင် အန္တရာယ်အဆင့်သတ်မှတ်ပြီး လျော့ပါးသွားအောင်လေမှုတ်ပေးရပါတယ်။ မြေအောက်သတ္တု လုပ်ကွက်တွေကိုလည်း သဘာဝလေပေးစနစ် (Natural Ventilation)ရအောင် မြေပြင်ကနေ လေထွက်ပေါက်ဖောက်ပေးရပါတယ်။ ဓာတ်ငွေ့ပမာဏသိဖို့ ရှေးတုန်းကတော့ ကနေရီငှက် (Canary) ကလေးတွေကိုမွေးထားပြီး မြေအောက်လုပ်ကွက်တွေထဲ လုပ်သားတွေမဝင်ခင် ငှက်ကလေးတွေကိုလွှတ်ပြီး စမ်းသပ်ကြပါတယ်။ ငှက်ကလေးတွေပျံသန်းရင်း ပြုတ်ကျသွားရင်မီသိန်းဓာတ်ငွေ့ပမာဏအန္တရာယ်အဆင့်ရောက်နေပြီလို့သိရပြီး ဓာတ်ငွေ့လျော့သွားအောင် လေမှုတ်ပေးရပါတယ်။ ၁၈၁၅ ခုနှစ်မှာ Sir Humphry Davy ဆိုတဲ့ ဓာတုဗေဒ ပညာရှင်တစ်ယောက်က အန္တရာယ်ရှိတဲ့ဓာတ်ငွေ့တွေ စမ်းသပ်တိုင်းတာတဲ့ကိရိယာ Humphry Davy Safety Lamp ကို တီထွင်နိုင်ခဲ့လို့ ယနေ့အထိသုံးစွဲနေကြပါတယ်။

**ဥပဒေ၊ နည်းဥပဒေလိုက်နာမှုအားနည်း**

မြေအောက်ကျောက်မီးသွေး သတ္တုတွင်းတွေမှာ မီသိန်းဓာတ်ငွေ့လိုပဲ ကျောက်မီးသွေးအမှုန်အမွှား (Coal Dust) တွေဟာ အပူရှိန်မြင့်တက်လာရင် ဒါမှမဟုတ် မီသိန်းဓာတ်ငွေ့နဲ့ တွေ့ထိရင် ပေါက်ကွဲတတ်ပါတယ်။ လေထဲပျံ့လွင့်နေတဲ့ ကျောက်မီးသွေး အမှုန်အမွှားတွေကို ထုံးကျောက်မှုန့် (Lime Dust) ဒါမှမဟုတ် ကျောက်မှုန့်တွေဖျန်းပေးတဲ့ နည်းစနစ်နဲ့ ပေါက်ကွဲမှုဖြစ်ပေါ်နိုင်ခြေကို လျော့နည်းစေပါတယ်။ ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ သိပ္ပံနည်းစဉ်တွေ တိုးတက်လာပေမယ့် သတ္တုတွင်းလုပ်ငန်းတွေဟာ ဘေးအန္တရာယ်အင်မတန်များတဲ့ လုပ်ငန်းဖြစ်နေဆဲပါပဲ။ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တည်ဆဲသတ္တုတွင်း ဥပဒေတွေ၊ နည်းဥပဒေတွေကို သတ္တုတူးဖော်တဲ့ လုပ်ငန်းရှင်တွေက လိုက်နာရသလို စစ်ဆေးကြပ်မတ်ရတဲ့ အစိုးရဌာနတွေကလည်း အဂတိကင်းစွာ တင်းတင်းကျပ်ကျပ်စစ်ဆေး ကြီးကြပ်အရေးယူမှုတွေ လုပ်ဖို့လိုပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းတာသတိပေးတဲ့ စက်ကိရိယာတွေ တိုးတက်လာပေမယ့်လည်း စစ်ဆေးကြီးကြပ်မှု၊ ဥပဒေလိုက်နာမှုတွေ အားနည်းခဲ့တာကြောင့် (၂၁)ရာစုအတွင်း သတ္တုတွင်းလုပ်သားတွေ အသေအပျောက်များခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာ အမေရိကန်နိုင်ငံ West Virginia ပြည်နယ် Upper Big Branch ကျောက်မီးသွေးသတ္တုတွင်းမှာ ပေါက်ကွဲမှုဖြစ်ပွားပြီး သတ္တုတွင်းလုပ်သား ၂၉ ဦးသေဆုံးမှု၊ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ နယူးဇီလန်နိုင်ငံ Pike River ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်စဉ်မှာ သတ္တုတွင်းလုပ်သား ၂၉ ဦး သေဆုံးမှုနဲ့ ယခုနှစ် မေလ ၁၃ ရက်နေ့မှာ တူရကီနိုင်ငံ Soma, Morisa ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုမှာ သတ္တုတွင်း လုပ်သား ၃၀၁ ဦးသေဆုံးမှုဟာ တည်ရှိဆဲ သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေ လိုက်နာမှုအားနည်းတာကို ထင်ရှားစေပါတယ်။

**ဘေးအန္တရာယ်ကင်းရှင်းအောင်**

မြန်မာနိုင်ငံမှာ တံခါးဖွင့်စီးပွားရေးစနစ် ကျင့်သုံးလာပြီး စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံပိုင်ကနေ ပုဂ္ဂလိကပိုင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလာတဲ့နောက်ပိုင်း သတ္တုတူးဖော်ခြင်းလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံသူ အများအပြားပါဝင်လုပ်ကိုင်လာကြပါတယ်။ သတ္တုတူးဖော်တဲ့လုပ်ငန်းဟာ ရင်းနှီးမြှုပ်နှံမှုများပြီး ဘေးအန္တရာယ်များတဲ့ လုပ်ငန်းဖြစ်ပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းကို ရင်းနှီးလုပ်ကိုင်သူအများစုဟာ သတ္တုတူးဖော်တဲ့ လုပ်ငန်းအတွေ့အကြုံနည်းပါးသူတွေဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးမထားဘဲ အချိန်တိုကာလအတွင်းမှာ အမြတ်များများရအောင် သတ္တုတူးဖော်ခြင်း၊ လုပ်ငန်းအစီအမံ (System of Mining) ရေးဆွဲထားခြင်းမရှိ၊ လေ့ကျင့်တတ်မြောက်တဲ့ သတ္တုတွင်းအင်ဂျင်နီယာ (Qualified Mining Engineer) တွေကို တာဝန်ပေးထားခြင်းမရှိဘဲ တူးဖော်နေကြတာကို တွေ့ရှိရသလို စစ်ဆေးကြီးကြပ်ရမယ့်အစိုးရဌာနဆိုင်ရာတွေမှာလည်း တတ်သိနားလည်တဲ့ ပညာရှင် (Mine Inspector)တွေမရှိသလောက် နည်းပါးနေတာကို လေ့လာသိရှိရပါတယ်။

နိုဝင်ဘာလ ၂၇ ရက်နေ့ မကွေးတိုင်းဒေသကြီးမှာဖြစ်ခဲ့တဲ့ သတ္တုတွင်း ပေါက်ကွဲမှုဖြစ်စဉ်ကို သင်ခန်းစာယူပြီး မြန်မာနိုင်ငံတစ်ဝန်း အဖိုးတန်သယံဇာတတွေကို နောင်လာနောက်သားတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေရှည်ထုတ်လုပ်နိုင်ရေးကို ရည်မှန်းပြီး ကျွမ်းကျင်ပညာရှင်တွေကို လေ့ကျင့်မွေးထုတ်တာဝန်ပေးဖို့ အချိန်နောက်မကျသေးပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**စောမိုးမြင့်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**ကရင်ပြည်နယ်အမှတ် ၁**

> **“ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် တည်ဆဲ သတ္တုတွင်း ဥပဒေတွေ၊ နည်းဥပဒေတွေကို သတ္တုတူးဖော်တဲ့ လုပ်ငန်းရှင်တွေက လိုက်နာရသလို စစ်ဆေးကြပ်မတ်ရတဲ့ အစိုးရဌာနတွေကလည်း အဂတိကင်းစွာ တင်းတင်းကျပ်ကျပ် စစ်ဆေးကြီးကြပ်အရေးယူမှုတွေ လုပ်ဖို့လို”**

## ဒေသခံပြည်သူများ ရေရှည် အသုံးပြုနိုင်သော တံတား တည်ဆောက်ပေးရန်လိုအပ်

**ဘားအံ ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာနှင့် ဖားနွဲ့ကျွန်းကျေးရွာ ဆက်သွယ်ထားသော ဝါးတံတားအစား ရေရှည်အသုံးပြုနိုင်သော တံတားတစ်စင်းတည်ဆောက်ပေးရန်ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

“အခုလုပ်ထားတဲ့ တံတားက အောက်ခြေက သစ်သားတိုင်နဲ့ကြမ်းခင်းကတော့ ဝါးနဲ့ပြုလုပ်ထားတာပါ၊ ဒီလိုတံတားမျိုးဆောက်တာ လေးစင်းရှိသွားပါပြီ၊ နှစ်စဉ်မိုးတွင်းကာလရောက်တာနဲ့ ဆောက်ထားတဲ့ တံတားဟာရေနဲ့ မျောပါသွားတယ်၊ ဒါကြောင့် ရေရှည်အသုံးပြုနိုင်မယ့် တံတားတစ်စင်း ဆောက်လုပ်ပေးစေချင်တယ်” ဟု မုက္ကဒိကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

